# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၃၀)


**ဒေသတွင်း ဘက်စုံပူးပေါင်းရေးသဘောတူ**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစလုံးသည် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုများစွာကို ချစ်ကြည်ရင်းနှီးစွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် သဘောတူခဲ့ကြပါသည်။

## နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနှင့်ဝန်ကြီးချုပ်တို့က အခမ်းအနားဖြင့်ဂုဏ်ပြုကြိုဆို ဂုဏ်ပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ကြိုဆိုသူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၂၉**

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတနန်းတော်ရှေ့၌ ကျင်းပသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ■

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)**





## ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ ကြိုဆိုနှုတ်ဆက်



**ရန်ကုန် အောက်တိုဘာ ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်၏ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ယနေ့ညနေ ၄နာရီ မိနစ် ၅၀ တွင် ပြန်လည်ရောက်ရှိကြသည်။ (ဝဲပုံ)

*စာမျက်နှာ ၃ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

# လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်ပြည်သူများဘဝ အေးချမ်းသာယာစေရေး ဝိုင်းဝန်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ၊ နိုင်ငံဖြတ်ကျော်မှုခင်း တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများအား အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်လက်တွဲ၍ ပူးပေါင်းညှိနှိုင်း တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ဘက်ပေါင်းစုံမှကြည့်ရှုပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်လက်တွဲ၍ ဒေသတွင်းပြဿနာများ ပူးပေါင်းတိုက်ဖျက်လျက်ရှိရာ၌ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးလုပ်ငန်းကိုလည်း အထူးအလေးထားကာ ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။

လူကုန်ကူးမှုပြဿနာများကို ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ အောက်တိုဘာလ ၂၇ရက်နေ့မှ စတင်၍ကျင်းပလျက်ရှိရာ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူပြည်သားများအတွက်သာမက မဲခေါင်ဒေသတစ်ခုလုံးအတွက်ပါ ထူးခြားလေးနက်သည့် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာစေမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့နှင့် UNIAP တို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များကို တက်ကြွစွာပါဝင်ဆွေးနွေးလျက် ရှိကြသည်။

လူကုန်ကူးမှုပြဿနာသည် စစ်အေးခေတ်လွန်ကာလတွင် ဂိုဏ်းဖွဲ့ကျူးလွန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၌ ကမ္ဘာလုံးဆိုင်ရာ အရေးကြီးဆုံးပြဿနာတစ်ခု ဖြစ်လာခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များအနေဖြင့် လူကုန်ကူးမှုကြောင့် ဆိုးရွားသည့် လူမှုရေးဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များ ခံစားနေကြရသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအားလုံးသည် လူကုန်ကူးမှုနှင့်ပတ်သက်၍ အခြေပြုသော နိုင်ငံများအနေဖြင့်သော်လည်းကောင်း၊ ကြားခံနိုင်ငံများအဖြစ်သော်လည်းကောင်း၊ နောက်ဆုံး လူကုန်ကူးခံရသူများ ဦးတည်ရောက်ရှိရာ နိုင်ငံများအနေအဖြစ်သော်လည်းကောင်း အဆိုပါပြဿနာကို ရင်ဆိုင်နေကြရသော နိုင်ငံများဖြစ်သည်။

ထို့ကြောင့် နိုင်ငံများအနေဖြင့် အချင်းချင်းအပြစ်တင်နေကြမည့်အစား လူကုန်ကူးခံရသူများ လျှော့ချရေးနှင့် လူကုန်ကူးမှုအန္တရာယ် လျှော့ချရေးနယ်ပယ်နှစ်ခုစလုံးအတွက်ပါ အာရုံစိုက် လုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်သည်။ ဖြစ်ပွားရသည့်အကြောင်းအရင်းနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ဟန်ချက်ညီညီ ကိုင်တွယ်ဖြေရှင်းသွားကြရမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုတားဆီးရေးတွင် အမျိုးသားအဆင့် ဌာနဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဥပဒေပြဋ္ဌာန်းရေး၊ နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေး စသည်တို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နယ်စပ်ဒေသများနှင့် လူကုန်ကူးမှုအဖြစ်များသော ဒေသများ၌ လူကုန်ကူးမှု တားဆီးရေးဌာနများ၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းသွားနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ တစ်ဆက်တည်းတွင် လူကုန်ကူးခံရသောသားကောင်များနှင့် အန္တရာယ်ခံစားနေရသော အုပ်စုများကို ကုသရေး၊ ပြန်လည် ထူထောင်ရေး၊ နိုင်ငံတွင်းသို့ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်စုစည်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် စုဝေးရောက်ရှိနေသည့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာနိုင်ငံများ အနေဖြင့် အပြစ်မဲ့သောပြည်သူများ လူကုန်ကူးမှု၏ သားကောင်များအဖြစ်မှ ကင်းဝေးစေရန်အတွက် တက်ကြွစွာ ပူးပေါင်းညှိနှိုင်းဆွေးနွေး အဖြေရှာပြီး ပြည်သူများဘဝအေးချမ်းသာယာစေရေး ဝိုင်းဝန်းညှိနှိုင်းသွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံတော်ပြန်တမ်း

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| အမည်၊ ရာထူး၊ ဌာန | | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဗိုလ်မှူးကြီးအောင်စောဝင်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) | ဦးကျော်ရဲထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

## ဆီးရီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆီးရီးယားသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဖတ်(ဒ်)ဆာလင်းအား ခန့်အပ်ရန် ဆီးရီးယားအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာဖတ်(ဒ်)ဆာလင်းသည် ၁၉၄၄ ခုနှစ်တွင် အာယူမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် အလက်ပိုတက္ကသိုလ်မှ စီးပွားရေးသိပ္ပံဆိုင်ရာဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ၁၉၇၄ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဒါရာဆလမ်မြို့၊ ဂျီနီဗာမြို့၊ မဲဒရစ်မြို့နှင့် တူနီးရှားမြို့ရှိ ဆီးရီးယားသံရုံးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ဖတ်(ဒ်)ဆာလင်းသည် နယူးဒေလီမြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့လည်း ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာဖတ်(ဒ်)ဆာလင်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀–၁၀–၂၀၀၄**
**(စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၀ | ၇။ | အကပဒေသာ |
| ၈း၂၀ | ၈။ | ရွှေလောင်းတံတား |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Grammar made Easy |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ် |
| ၁၂း၃၀ | ၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၃၉) |
| ၁၃း၀၀ | ၇။ | ကမ္ဘာ့ဝူရှူးပြိုင်ပွဲမှ မြန်မာ့အောင်ပွဲ |
| ၁၃း၁၅ | ၈။ | **"ပတ္တလားဝိညာဉ်"** ခင်ဦးသာ၊ အောင်ပြည့် စောနိုင်(ရှမ်းပြည်)၊ ညီကျော်၊ ဂွမ်းပုံကြီး၊ [ဒါရိုက်တာ–ထူးအောင် (မြမြင်းမိုရ်)] |
| ၁၃း၄၅ | ၉။ | လဂွမ်းပြင်ရေလှောင်တမံ |
| ၁၄း၁၀ | ၁၀။ | တေးဂီတအစီအစဉ် |
| ၁၄း၁၅ | ၁၁။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၄း၃၀ | ၁၂၊ | ဆင်ဖြူရှင်တံတား |
| ၁၄း၄၅ | ၁၃။ | International News |
| ၁၅း၀၀ | ၁၄။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒ၊ အထူးပြု) (သတ္တဗေဒ) |
| ၁၇း၁၅ | ၆။ | နားဝင်ပီယံ သူ့လက်သံ |
| ၁၇း၂၅ | ၇။ | တေးဂီတအစီအစဉ် |
| ၁၇း၃၅ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၁၇း၄၅ | ၉။ | တေးဂီတအစီအစဉ် |
| ၁၇း၅၅ | ၁၀။ | ချစ်စရာ့အရွယ် ကစားကြမယ် |
| ၁၈း၂၀ | ၁၁။ | တေးဂီတအစီအစဉ် |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | Discovery |
| ၁၉း၁၅ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း–၂၇) |
| ၁၉း၄၅ | ၁၆။ | မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၄ (အပိုင်း–၂) |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ |
| | ၂၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"**(အပိုင်း–၁၂) |
| | ၂၂။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၈၇၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရုဇ်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**

● ရှေ့ဖုံးမှ

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရုဇ်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး၊ သံရုံးယာယီတာဝန်ခံ မစ္စတာ ရာဟူးလ်ကူလ်ရှိရက်တ်နှင့် သံရုံးအဖွဲ့ဝင်များ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

## ပြန်လည်လိုက်ပါလာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

## အရှေ့တိုင်း၏ သမိုင်းမှတ်တိုင်

☆ သမိုင်းအစ၊ ရှေးမဆွမှ
ကာလမခြား၊ ရှည်လျားချိန်တာ
တူယှဉ်ကာဖြင့်၊ နေလာခဲ့ကြ
မြန်မာ-အိန္ဒိယ။

☆ တစ်ရံရောခါ၊ မသမာသူ
နယ်ချဲ့သူ၏၊ သိမ်းယူခံဘဝ
ရောက်ခဲ့ကြ၍၊ ဘဝတူချင်း
ရိုင်းပင်းပြန်လှန်၊ ရုန်းကန်ကြိုးပမ်း
လွတ်လမ်းကိုရှာ၊ ချုပ်အခြာကို
ပြန်ကာရယူ၊ ကြမ္မာတူမျှ
မြန်မာ-အိန္ဒိယ။

☆ ယနေ့ကာလ၊ ကြည့်လိုက်ကလည်း
နှီးဆွသပ်သွင်း၊ သတင်းမီဒီယာ
မသမာတို့၊ ဆိုလာစကား
အပြားပြားကို၊ လားလားပင်လျှင်
နားမဝင်ဘဲ၊ ခင်မင်မှုများ
တိုးပွားအားသန်၊ ဆက်ဆံနေကျ
မြန်မာ-အိန္ဒိယ။

☆ အိန္ဒိယ-မြန်မာ၊ ကြမ္မာတူမျှ
ရှိခဲ့ကြပြီး၊ မူလရှိရင်း
အိမ်နီးချင်းတို့၊ မယွင်းမေတ္တာ
ခြေခံကာဖြင့်၊ သွားလာချစ်ကြည်
နှစ်ပြည်ထိပ်သီး၊ ခေါင်းဆောင်ကြီးတွေ
ပြုလုပ်နေမှု၊ အကြောင်းပြု၍
နှစ်ခုပြည်ရွာ၊ ငြိမ်းချမ်းသာလျက်
ကမ္ဘာရှေ့ခြမ်း၊ နယ်အဝန်းလည်း
ကူးသန်းသွားလာ၊ လွယ်ကူစွာဖြင့်
ပြည်ရွာသိုင်းဝိုင်း၊ အရှေ့တိုင်း၏
သမိုင်းမှတ်တိုင် ဖြစ်လိမ့်တည်း။ ။

ဖိုး၀

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန်သို့ သွားရောက်၍လွမ်းသူ့ပန်းခွေချ

ရန်ကုန် အောက်တိုဘာ ၂၉

**အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ ပီ၊ ဂျေအဗ္ဗဒူလ်ကလမ်၏ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားအပြီး အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နယူးဒေလီမြို့ Rajghat ရှိ မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန်သို့ သွားရောက်ကြသည်။**

## အလေးပြု

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန် (Samadhi of Mahatama Gandhi) ၌ လွမ်းသူ့ပန်းခွေချပြီး တစ်မိနစ်ခန့် ငြိမ်သက်၍ အလေးပြုသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထိမ်းအမှတ်ဗိမာန်၌ ပွင့်ချပ်လွှာများ ကြဲချပေးသည်။

## မှတ်တမ်းလက်မှတ်ထိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မဟာတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အတွင်းရေးမှူး Mr. Rajnish Kumar က မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ထုတ်ဝေထားသည့် စာအုပ်များနှင့် မဟာတ္တမဂန္ဒီ ပုံတူရုပ်တုငယ်ကို ပေးအပ်ပြီး ဗိမာန်၌ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို ရှင်းလင်းပြသသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန်မှ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

## တရုတ်နိုင်ငံ ကောင်စီဝင်နှင့် ထိုင်းဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံဆက်ဆံရေးနှင့်ကုန်သွယ်မှု တိုးတက်ရေးသဘောတူညီ

ဗန်ကောက် အောက်တိုဘာ ၂၇

**တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ဖလှယ်ရေးတိုးတက်ရန် ဆုံးဖြတ်ထားကြသည်။ တရုတ်နိုင်ငံသည်လာမည့်နှစ်တွင် နှစ်၃၀မြောက် သံတမန်နှစ်ပတ်လည်ကျင်းပရန်အဆင်သင့်ဖြစ်နေပြီး ထိုင်းနိုင်ငံနှင့်အတူ မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းတစ်ရပ်ကိုလည်း ရရှိစေမည်ဖြစ်ကြောင်း ထိုင်းသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံကောင်စီဝင်တန်ဂျီယာဟူယန်က ဗန်ကောက်၌ အင်္ဂါနေ့တွင် ပြောကြားသည်။**

ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာနှင့် တစ်နာရီခွဲခန့် တွေ့ဆုံပြီးနှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရေး နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံအစိုးရသည် လူငယ်များ အပြန်အလှန်လည်ပတ်ရေး၊ နှစ်နိုင်ငံသတင်းစာနှင့်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မှု တိုးလာမည်ဖြစ်ကြောင်း၊ ရင်းမြစ်များ၊ စွမ်းအင်နှင့်ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ကြမည်ဖြစ်ကြောင်း အဆိုပါ တရုတ်ကောင်စီဝင်က ပြောကြားသည်။

### သဘောတူညီ

နှစ်နိုင်ငံအစိုးရသည် အာရှတွင် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ရှေ့သို့ တွန်းအားပေးလုပ်ဆောင်ရန်လည်းကောင်း၊ အာဆီယံနှင့် တရုတ်ဆက်ဆံရေးကို တိုးတက်စေရန်လည်းကောင်း သဘောတူညီခဲ့သည်ဟု ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

မိမိတို့၏ ထိုင်းနိုင်ငံခြားရေးမူဝါဒသည် ကဏ္ဍစုံတွင် တရုတ်နှင့် အတူ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုး တိုးတက်စေရေးပင်ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

### ဝင်ရောက်လာ

နှစ်နိုင်ငံ၏ တရားဝင်သံတမန် ဆက်ဆံမှုသည် ၂၀၀၅ခုနှစ်တွင် နှစ်၃၀ ခရီးသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ထိုင်းအစိုးရသည် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ်နှင့်အတူ ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ သက်ဆင်နှင့်ယန်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးရာတွင် နှစ်နိုင်ငံ ဆက်ဆံရေးကို အကောင်းဆုံးဖြစ်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေးသည် ၂၀၀၂ခုနှစ်က ကုန်သွယ်မှု ပမာဏ ၈ဒသမ ၆ဘီလီယံဒေါ်လာဖိုးနှင့် နှိုင်းယှဉ်ရာတွင် စုစုပေါင်း ၁၂ဘီလီယံ ဒေါ်လာသို့ ရောက်ရှိရေး သဘောတူညီခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏ

## စက်တင်ဘာလ၌ ၁၁ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်

စင်ကာပူ အောက်တိုဘာ ၂၈

**စင်ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏသည် ယခုနှစ် စက်တင်ဘာလတွင် လွန်ခဲ့သည့်နှစ် အလားတူကာလကထက် ၁၁ဒသမ ၈ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။**

ယခုနှစ် ပထမကိုးလတွင် စင်ကာပူနိုင်ငံ၏ စုစုပေါင်း ကုန်ထုတ်လုပ်မှုပမာဏသည် လွန်ခဲ့သည့်နှစ်ထက် ၁၄ဒသမ ၃ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဘုတ်အဖွဲ့(အီးဒီဘီ)က အင်္ဂါနေ့တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

### မြင့်တက်ခဲ့

လျှပ်စစ်ဆိုင်ရာ ပစ္စည်းများသည် စက်တင်ဘာလတွင် ၂၀ဒသမ ၄ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာပိုင်းဆိုင်ရာ ပစ္စည်းများသည် အဆိုပါလတွင် ၃၂ဒသမ ၇ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

### တိုးတက်

ဓာတုပစ္စည်းဆိုင်ရာ ပစ္စည်းများနှင့် အနုစိတ်အင်ဂျင်နီယာပိုင်းဆိုင်ရာ ပစ္စည်းများ တင်ပို့မှုသည် ၁၁ဒ သမ ၅ရာခိုင်နှုန်းနှင့် ၆ ဒသမ ၇ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးဌာန၌ ပင်တာဝက်ဝံငယ်လေးတစ်ကောင်အား သုတေသနပညာရှင် တစ်ဦးက လက်ဆွဲကွန်ပျူတာကို အသုံးပြု၍ သုတေသနပြုလေ့လာနေစဉ်။**

(အဆိုပါ ကွန်ပျူတာများဖြင့် ဧက ၅၀၀၀၀၀ ခန့် ကျယ်ဝန်းသော တောင်တစ်တောင်၌ ပင်တာဝက်ဝံများ၏ အသက်ရှင် လှုပ်ရှားသွားလာမှုများကို မှတ်တမ်းတင်ပေးလျက်ရှိကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

## မြန်မာ့အလင်း အာရှရေးရာ သတင်းများ

## ဂျပန်–အာဆီယံ လုံခြုံရေးစာတမ်းဖတ်ပွဲ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

စင်ကာပူ အောက်တိုဘာ ၂၈

**စင်ကာပူနိုင်ငံသည် ဒုတိယအကြိမ် ဂျပန်–အာဆီယံလုံခြုံရေးစာတမ်းဖတ်ပွဲကို အိမ်ရှင်အဖြစ် ဗုဒ္ဓဟူးနေ့တွင် လက်ခံကျင်းပခဲ့သည်။ ယင်းစာတမ်းဖတ်ပွဲကို ဂျပန်နိုင်ငံနိုင်ငံတကာအဖွဲ့အစည်းနှင့်ကာကွယ်ရေးနှင့်မဟာဗျူဟာလေ့လာရေးဌာနတို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။**

**ဂျပန်နိုင်ငံ ကင်နွန်ကော်ပိုရေးရှင်းမှထုတ်သည့် ကင်နွန်ဒစ်ဂျစ်တယ် ကင်မရာကို အရောင်းဝန်ထမ်းတစ်ဦးက ပြသနေစဉ်။**

(နည်းပညာသာလွန်မှုကြောင့် ကင်နွန်ကင်မရာများ ရောင်းအားမြင့်တက်လျက်ရှိကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**




စာတမ်းဖတ်ပွဲ အခမ်းအနားတွင် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)နှင့် ဂျပန်တို့သည် ကမ္ဘာ့အကြမ်းဖက်မှုစိုးရိမ်မှုကို ဖြစ်ပေါ်စေသည့် စိန်ခေါ်မှုများ၏ ရင်ဆိုင်ရာတွင် ယင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် နက်ရှိုင်းစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဇိုင်နူးလ်အဘီဒင်ရာရှီးက အလေးအနက် ပြောကြားသည်။

### ရင်ဆိုင်

ကမ္ဘာ့ အကြမ်းဖက်မှုများသည် အာဆီယံနှင့်ဂျပန်တို့သာမက ဘုံခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးကလည်း ယင်းပြဿနာကို ရင်ဆိုင်နေကြရကြောင်း ၎င်းကပြောဆိုသည်။

### ဖြေရှင်းနိုင်

စစ်ပွဲသည် အကြမ်းဖက်သူများအား မည်သို့မျှမလုပ်နိုင်၊ ယင်းတို့အား တစ်နိုင်ငံတည်း၊သို့မဟုတ် ဒေသတစ်ခုတည်းဖြင့် ၎င်းတို့၏ကိုယ်ပိုင် ကိုင်တွယ် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ၎င်းသည် တစ်ကမ္ဘာလုံး စွယ်စုံတိုက်ဖျက်မှုနှင့် နိုင်ငံစုံဆိုင်ရာ ချဉ်းကပ်မှုလိုအပ်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်

ယင်းကိစ္စသည် နိုင်ငံနှင့်ဒေသများအကြား ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဆီယံတွင် အရေးကြီးပြီး ဂျပန်နှင့်လည်း ပူးပေါင်းဆောင်ရွက်ကာအကြမ်းဖက်မှု၊တန်ပြန်တိုက်ဖျက်မှု အရှိန်အဟုန် တိုးမြှင့်သွားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

## တရုတ်နိုင်ငံတွင် မော်တော်ကားထုတ်လုပ်မှု ကျယ်ပြန့်လာ

## ရော်ဘာစိမ်းများ ပြည်ပမှ ပိုမိုမှာယူတင်သွင်းနေရ

ကျန်းရှူ အောက်တိုဘာ ၂၇

**တရုတ်နိုင်ငံ၏ ရော်ဘာစိမ်းလိုအပ်ချက်သည် လာမည့်နှစ်များတွင် တဖြည်းဖြည်းတိုး၍ လိုအပ်လာမည်ဖြစ်သည်။ ပြည်ပမှ ရော်ဘာစိမ်းတင်သွင်းမှုသည် လာမည့်နှစ်တွင် ပို၍မြင့်တက်လာမည်ဖြစ်ကြောင်း ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူက ပြောဆိုသည်။**

တရုတ်နိုင်ငံ၏ မော်တော်ကား ထုတ်လုပ်မှု စက်မှုလုပ်ငန်းသည် ကျယ်ပြန့်လာသောကြောင့် ပြည်တွင်း သုံးစွဲရန် ကုန်ကြမ်းပစ္စည်းလိုအပ်ချက်သည်လည်း မြင့်လာလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ကမ္ဘာတွင် ရော်ဘာစိမ်း သုံးစွဲမှုနှင့် တင်သွင်းမှု၌ အမြင့်ဆုံးနိုင်ငံဖြစ်လာနိုင်ကြောင်း ကုန်သည်ကြီးများအသင်းမှ ဇူချွန်က ပြောကြားသည်။

### သုံးစွဲလာ

စက်မှုလုပ်ငန်း၏ အရေးကြီးဆုံး ကုန်ကြမ်းဖြစ်သည့် ရော်ဘာစိမ်းကို နိုင်ငံ၏စက်မှုလုပ်ငန်းများစွာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာလျက်ရှိသည်။ ထို့ကြောင့် တာယာများ ထုတ်လုပ်မှုအတွက် ရော်ဘာစိမ်းကို ပိုမိုတင်သွင်းခဲ့ရသည်။ ၂၀၀၃ခုနှစ်တွင် တရုတ်နိုင်ငံသည် မော်တော်ကားစီးရေ ၄ ဒသမ ၄ သန်းကျော် ထုတ်လုပ်ခဲ့သည်။ ယင်းထုတ်လုပ်မှုအတွက် ရော်ဘာစိမ်းလိုအပ်ချက်သည် ၄၀ ရာခိုင်နှုန်းကျော် လိုအပ်လျက်ရှိသည်။

### တင်သွင်း

ယခုနှစ် ပထမရှစ်လတွင် တရုတ်နိုင်ငံသည် ရော်ဘာစိမ်းတန် ၈၀၀၀၀၀ တင်သွင်းခဲ့ရသောကြောင့် ပြီးခဲ့သောနှစ်နှင့် နှိုင်းယှဉ်လျှင် ၄ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ လိုအပ်သော ရော်ဘာစိမ်းများကို ထိုင်း၊ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံများမှ အများဆုံး မှာယူတင်သွင်းခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာ့ပန်းသီးဖျော်ရည်အထွက်ဆုံးဒေသ တရုတ်နိုင်ငံ ရှန်စီပြည်နယ်ဖြစ်လာ

ရှန်ဇီ အောက်တိုဘာ ၂၆

**တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်သည် ကမ္ဘာပေါ်တွင် ပန်းသီးဖျော်ရည်အထွက်ဆုံး ဒေသတစ်ခုဖြစ်လာကြောင်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ သုံးပုံတစ်ပုံ ရှိလာကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။**

၂၀၀၃–၂၀၀၄ ပန်းသီးထွက်သည့် ရာသီတွင် ရှန်စီပြည်နယ်၏ ပန်းသီးဖျော်ရည် ထုတ်ကုန်သည် တန် ၂၇၆၀၀၀သို့ရောက်ရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျာကျီဘန်းက ပြောကြားသည်။

ရှန်စီ၌ တစ်နှစ် ပန်းသီးဖျော်ရည် တန်ချိန် ၅၀၀၀၀၀ ထုတ်လုပ်နေသည့် ကုမ္ပဏီ ၁၈ခုရှိကြောင်း၊ ယင်းထွက်ကုန်များမှ ၉၀ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။ ရှန်စီ ပန်းသီးဖျော်ရည်များကို အဓိကအားဖြင့် ဥရောပ၊မြောက်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း၊ ထုတ်ကုန်အရည်အသွေးမှာ နိုင်ငံတကာအဆင့်မီဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသသည် လူဦးရေနည်းပါးပြီး ကုန်းမြင့်လွင်ပြင်ဒေသ ဖြစ်သည်။ ပြည်နယ်မြောက်ပိုင်းရှိ လို့စ်ကုန်းမြင့်ဒေသသည် ကမ္ဘာပေါ်တွင် ပန်းသီးပင်များ စိုက်ပျိုးရန် အကောင်းဆုံး ဒေသတစ်ခုဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နယ်စပ်ဒေသနေထိုင်သော ပြည်သူများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအရေးကြီး နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုတိုးတက်စေရေး အမြန်ဆုံးအကောင်အထည်ဖော်

✡ *ကျောဖုံးမှ*

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြပါသည်။

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်၊ အိန္ဒိယသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ရင်းနှီးချစ်ကြည်သည့် အိမ်နီးချင်းနိုင်ငံသို့ ယခုကဲ့သို့ ချစ်ကြည်ရေးအလည်အပတ်လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်၊ အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများအား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သပါကြောင်း"** ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်က နယူးဒေလီမြို့တွင် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။ ခရီးစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ယွန်ဆင်း ရှေခါဝပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေနတ်ဝါဆင်း၊ ပါလီမန် အတိုက်အခံခေါင်းဆောင် မစ္စတာ အယ်လ်ကေအဒ်ဗာနီတို့အား တွေ့ဆုံနှုတ်ဆက်ခဲ့ကြပါသည်။

၅။ ခရီးစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအရေးနှင့် ဆက်နွှယ်လျက်ရှိသည့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲသည် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များတွင် အပြန်အလှန်နားလည်မှုများ တိုးတက်ရရှိစေခဲ့ပြီး တစ်နိုင်ငံ၏ အရေးအရာကို တစ်နိုင်ငံက အလေးထားကြကာ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပိုမိုနားလည်မှုရရှိစေခဲ့ပါသည်။ ရှေ့လာမည့် ကာလများတွင် နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များ ပုံမှန်အပြန်အလှန် သွားရောက်လည်ပတ်ရေးကို နှစ်ဖက်စလုံးမှ သဘောတူခဲ့ကြပါသည်။

၆။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အိန္ဒိယခေါင်းဆောင်များအား အသိပေးပြောကြားခဲ့သည့်အပြင် မြန်မာနိုင်ငံအနေဖြင့် မြန်မာပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များနှင့်ကိုက်ညီသည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးကို ထပ်လောင်းပြောကြားခဲ့ပါသည်။ ၎င်းအပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များနှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လက ချမှတ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အဆင့် ခုနစ်ဆင့်ပါ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်နှင့်အညီ အမျိုးသားညီလာခံ ပြန်လည်ကျင်းပလျက်ရှိခြင်းများကို အိန္ဒိယခေါင်းဆောင်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။

၇။ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံခေါင်းဆောင်များ၏ မြန်မာနိုင်ငံတွင် အရှည်တည်တံ့မည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် ဆောင်ရွက်နေမှုများကို စွဲမှတ်ထားသည့်အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အိန္ဒိယနိုင်ငံက ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံအား တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေးကို မြင်တွေ့လိုပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို အကူအညီပေးသွားရန် အဆင်သင့်ရှိကြောင်း ၎င်း၏ဆန္ဒသဘောထားကို အထူးပြုထုတ်ဖော်ပြောကြားခဲ့ပါသည်။

၈။ မြန်မာနိုင်ငံ အခြေခံအထောက်အကူပြုအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍ၊ မီးရထားကဏ္ဍ၊ သမုဒ္ဒရာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ စသည့် နယ်ပယ်အသီးသီးရှိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသည် အဆင်ပြေချောမွေ့စွာတိုးတက်လျက်ရှိသည်ကို ကျေနပ်အားရကြောင်း နှစ်ဖက်စလုံးမှ ထုတ်ဖော်ပြောကြားခဲ့ကြသည့်အပြင် ကျန်းမာရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ တို့တွင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်သွားရန် သဘောတူခဲ့ကြပါသည်။ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်ရေးမှာ ပုံမှန်တိုးတက်လျက်ရှိသော်လည်း တည်ရှိဆဲ ကုန်သွယ်မှု အခွင့်အလမ်းများကို ပြည့်မီခြင်း မရှိသေးကြောင်း နှစ်ဖက်စလုံးမှ အသိအမှတ်ပြုကြသည်။ နှစ်နိုင်ငံပူးတွဲကုန်သွယ်ရေး ကော်မတီမှ အဆိုပြုထားသော ၂၀၀၆ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ သန်း ၁၀၀၀အထိ တိုးမြှင့်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးများက လိုအပ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရေး လမ်းညွှန်မှုပေးသွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူခဲ့ကြပါသည်။ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မြဲစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် နယ်စပ်ဒေသရင်းနှီးမြှုပ်နှံမှုတို့သည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည့်အတွက် ယင်းကို တွန်းအားပေး ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကို ကြိုဆိုပါကြောင်း မြန်မာဘက်မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၉။ မြန်မာနိုင်ငံ တယ်လီဖုန်းလိုင်းဆက်သွယ်ရေး စီမံကိန်းနှစ်ခုအတွက် ချေးငွေအမေရိကန်ဒေါ်လာ ခုနစ်သန်းနှင့် သတင်းနှင့် နည်းပညာဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သုံးသန်းကို အိန္ဒိယအစိုးရက ပေးအပ်ခဲ့ပါသည်။ အိန္ဒိယ၏ချေးငွေနှင့် ကူညီငွေများအတွက် မြန်မာနိုင်ငံအနေနှင့် ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထို့အတူပင် ရန်ကုန်–မန္တလေး တယ်လီဖုန်းလိုင်း ဆက်သွယ်ရေးစနစ် အဆင့်မြှင့်တင်ရေးနှင့် ဆက်စပ်အထောက်အကူ ပစ္စည်းများအတွက် အိန္ဒိယက ၂၀၀၄ခုနှစ် ဇူလိုင်လအတွင်း အထူးချေးငွေ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃၅၈ သန်းအတွက်လည်း မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၁၀။ နှစ်နိုင်ငံစလုံးသည် မြန်မာ–အိန္ဒိယ နယ်စပ်တစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထူးပြုဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆကြသည်။ တမူး–ကလေးကားလမ်းသည် ယင်းဒေသစီးပွားရေးအနေအထားကို တိုးတက်စေပြီး အိန္ဒိယ၏ ယင်းကားလမ်းပြုပြင်ထိန်းသိမ်းရေးအတွက် တာဝန်ယူဆောင်ရွက်နေခြင်းကိုလည်း မြန်မာနိုင်ငံအနေနှင့် ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံစလုံးသည် နယ်စပ်စီမံကိန်းများ ဖြစ်ကြသော ထမံသီ ရေအားလျှပ်စစ်စီမံကိန်း၊ ရိဒ်–တီးတိန်နှင့် ရိဒ်–ဖလမ်းလမ်းများနှင့် ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေး စီမံကိန်းများသည် ပုံဖော်နိုင်သည့် အနေအထားသို့ ရောက်ရှိနေသည်ကို ကျေနပ်အားရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ အဆိုပါ စီမံကိန်းများသည် နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အရေးကြီးသည့်အပြင် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေသည့်အတွက် အမြန်ဆုံး အကောင်အထည်ဖော်သင့်သည်ဟု ဆုံးဖြတ်ကြပါသည်။ နယ်စပ်ကုန်သွယ်ရေးတိုးတက်ဖွံ့ဖြိုးစေရေးအတွက် အထူးလိုအပ်သည့်ကိစ္စရပ်များကိုလည်း အရေးယူဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ခဲ့ကြပါသည်။

၁၁။ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသရှိ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ယင်းဒေသတွင် ဆောင်ရွက်မည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမတိုင်မီ နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးကို ကြိုတင်ဆောင်ရွက်ထားရန်လိုသည်ဟု နှစ်နိုင်ငံစလုံးက သဘောတူလက်ခံထားကြပါသည်။ နယ်နိမိတ်တစ်လျှောက် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းစွာရှိမှု၊

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

## နှစ်နိုင်ငံနယ်စပ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အထူးပြု စီမံကိန်းများ ပုံဖော်နိုင်သောအနေအထားရောက်ရှိ

- ❒ **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များနှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လက ချမှတ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အဆင့်ခုနစ်ဆင့်ပါ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်နှင့်အညီ အမျိုးသားညီလာခံ ပြန်လည်ကျင်းပလျက်ရှိခြင်းများကို အိန္ဒိယခေါင်းဆောင်များအား ရှင်းလင်းပြောကြားခဲ့၊**
- ❒ **နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသည် အဆင်ပြေချောမွေ့စွာတိုးတက်လျက်ရှိသည်ကို ကျေနပ်အားရကြောင်း နှစ်ဖက်စလုံးမှ ထုတ်ဖော်ပြောကြား။**
- ❒ **ရန်ကုန်–မန္တလေး တယ်လီဖုန်းလိုင်း ဆက်သွယ်ရေးစနစ် အဆင့်မြှင့်တင်ရေးနှင့် ဆက်စပ်အထောက်အကူပစ္စည်းများအတွက် အိန္ဒိယက ၂၀၀၄ခုနှစ် ဇူလိုင်လအတွင်း အထူးချေးငွေ အမေရိကန် ဒေါ်လာ ၅၆ ဒသမ ၃၅၈ သန်းအတွက်လည်း မြန်မာနိုင်ငံက ကျေးဇူးတင်၊**
- ❒ **နှစ်နိုင်ငံစလုံးသည် မြန်မာ–အိန္ဒိယ နယ်စပ်တစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထူးပြုဆောင်ရွက်ရန်လိုအပ်သည်ဟုယူဆ၊**
- ❒ **နှစ်နိုင်ငံစလုံးသည် နယ်စပ်စီမံကိန်းများဖြစ်ကြသော ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ ရိဒ်–တီးတိန်နှင့် ရိဒ်–ဖလမ်းလမ်းများနှင့် ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းများသည် ပုံဖော်နိုင်သည့် အနေအထားသို့ ရောက်ရှိနေ၊**
- ❒ **နှစ်နိုင်ငံစလုံးသည် ကာကွယ်ရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ချေရှိသည့် အလားအလာများကို ရှာဖွေသွားရန် သဘောတူ၊**
- ❒ **ခရီးသွားလာမှု တိုးမြှင့်ခြင်းသည် အရှည်တည်တံ့ခဲ့သော ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ပြည်သူများအချင်းချင်း ဆက်ဆံရေးများကို ဖွံ့ဖြိုးတိုးတက်စေသည်ဟု နှစ်နိုင်ငံစလုံးမှ မှတ်ယူ၊**
- ❒ **ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ပိုမိုထိရောက်ပြီး ဥပဒေကြောင်းအရလည်း ပိုမိုအကျိုးသက်ရောက်မှုရှိလာလိမ့်မည်ဟု ရှုမြင်သုံးသပ်၊**
- ❒ **အိန္ဒိယ–မြန်မာဆက်ဆံရေးသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော အနေအထားတွင်ရှိသည်ကို နှစ်နိုင်ငံစလုံးက အသိအမှတ်ပြု။**

## ဂါရဝပြု တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှရီ ကေ၊ နတ် ဝါ ဆင်း ဂါရဝပြုတွေ့ဆုံစဉ်။

(သတင်းစဉ်)



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၂၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှရီ ကေ၊ နတ် ဝါ ဆင်းသည် အောက်တိုဘာ ၂၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ The Oberoi Hotel အခန်းအမှတ်(၇၁၆)သို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mr. Shyam Saran၊ တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhalia တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

အခြေအနေ တည်ငြိမ်မှုတို့ကို ထိန်းသိမ်းထားရေးအတွက် နှစ်နိုင်ငံစလုံးက ထပ်လောင်းအတည်ပြုကြပါသည်။ မြန်မာနိုင်ငံသည် ၎င်း၏မြေပေါ်မှနေ၍ သောင်းကျန်းသူများ အိန္ဒိယအား ဆန့်ကျင်တိုက်ခိုက်ခြင်းကို ခွင့်ပြုမည်မဟုတ်ဟု ထပ်လောင်းပြောကြားခဲ့ပါသည်။ ဤကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့သည့်အတွက်ကို အိန္ဒိယနိုင်ငံက ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြခဲ့ပါသည်။ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ခြင်း၊ လက်နက်မှောင်ခိုကုန်ကူးခြင်းစသည့် နယ်နိမိတ်ဖြတ်ကျော်သည့် ရာဇဝတ်မှုများကို ကာကွယ်ရေးအတွက် လိုအပ်သော ဆောင်ရွက်ချက်များ ဆောင်ရွက်ရေးနှင့် ဤကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံစလုံးက သဘောတူညီကြပါသည်။

၁၂။ အိန္ဒိယစစ်သင်္ဘော မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်း၊ မီလန် (၂၀၀၃) လေ့ကျင့်ပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခြင်းနှင့် ၂၀၀၄ ခုနှစ်တွင် အိန္ဒိယ၌ ကျင်းပခဲ့သော DEFEXPO သို့ တက်ရောက်ခဲ့ခြင်းစသည့် နှစ်နိုင်ငံအကြား ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၏ ပုံမှန်အပြန်အလှန်လည်ပတ်မှုများ၊ SKAT အဖွဲ့ မြန်မာနိုင်ငံတွင် လာရောက်ဖျော်ဖြေမှုနှင့် အားကစားအဖွဲ့များ၏ လည်ပတ်မှု ခရီးစဉ်များကို အားရကျေနပ်မှုရှိကြသည့်အပြင် အဆိုပါ အပြန်အလှန်ခရီးစဉ်များအား ပိုမိုအားပေးရေးအတွက်ကိုလည်း သဘောတူကြပါသည်။ မြန်မာနိုင်ငံအစိုးရဝန်ထမ်းများအား အိန္ဒိယ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကိုလည်း မြန်မာဘက်မှ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပါသည်။ နှစ်နိုင်ငံစလုံးသည် ကာကွယ်ရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ချေရှိသည့် အလားအလာများကို ရှာဖွေသွားရန် သဘောတူခဲ့ကြပါသည်။

၁၃။ နှစ်နိုင်ငံစလုံးသည် အရှည်တည်တံ့သော ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုများဖြင့် စည်းနှောင်ထားလျက်ရှိသည်ကို သိရှိနားလည်ကြပါသည်။ ယဉ်ကျေးမှု နယ်ပယ်တွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးများကိုလည်း ကျေနပ်အားရကြပါသည်။ မြန်မာနိုင်ငံမှ ဘုရားဖူးများအား အိန္ဒိယနိုင်ငံက အကူအညီပေးနေမှုများကိုလည်း မြန်မာနိုင်ငံက ကျေးဇူးတင်ရှိပါသည်။ ခရီးသွားလာမှု တိုးမြှင့်ခြင်းသည် အရှည်တည်တံ့ခဲ့သော ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြားပြည်သူများ အချင်းချင်း ဆက်ဆံရေးများကို ဖွံ့ဖြိုးတိုးတက်စေသည်ဟု နှစ်နိုင်ငံစလုံးမှ မှတ်ယူကြပါသည်။

၁၄။ နိုင်ငံအချင်းချင်း ဆက်ဆံရေးများတွင် လက်ရှိကျင့်သုံးလျက်ရှိသော ပဥ္စသီလ "ပန်ရှီးလ်"မူကြီး(၅)ရပ်သည် လက်ရှိနိုင်ငံတကာအခြေအနေတွင် လိုက်လျောညီထွေ အရှိဆုံးဖြစ်ဆဲရှိသည်ကို နှစ်နိုင်ငံစလုံးက အတည်ပြုလက်ခံကြပါသည်။ ကမ္ဘာ့နိုင်ငံများသည် သာတူညီမျှ အနေအထားမျိုးဖြင့်သာ ကမ္ဘာပေါ်တွင် သိပ္ပံနှင့်နည်းပညာ တိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုများ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြနိုင်မည်ဟု နှစ်နိုင်ငံစလုံးက သတ်မှတ်ယူဆကြပါသည်။ မူဝါဒသဘောထား အစွန်းရောက်မှု တိုးပွားလာခြင်းနှင့် အကြမ်းဖက်မှုတို့သည် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်ဟု နှစ်နိုင်ငံစလုံး မှတ်ယူကြပါသည်။ ကမ္ဘာပေါ်တွင် မည်သို့သော ပုံစံမျိုးဖြင့် မည်သည့်နေရာတွင်မဆို အကြမ်းဖက်မှုများအား လုံးဝလက်ခံခြင်း မရှိကြောင်း နှစ်နိုင်ငံစလုံးက ထုတ်ပြန်ကြေညာကြပါသည်။

၁၅။ ကမ္ဘာ့ကုလသမဂ္ဂသည် လက်ရှိကာလ၏ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေရှိရေးအတွက် ကုလသမဂ္ဂကြီးအား ပြန်လည်ဖွဲ့စည်းရန် လိုအပ်သည်ဟု နှစ်နိုင်ငံစလုံးက သဘောတူကြပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ပိုမိုထိရောက်ပြီး ဥပဒေကြောင်းအရလည်း ပိုမိုအကျိုးသက်ရောက်မှုရှိလာလိမ့်မည်ဟု ရှုမြင်သုံးသပ်ကြသည်။ မြန်မာနိုင်ငံသည် အိန္ဒိယ၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လိုသည့် သဘောဆန္ဒကို ထောက်ခံကြောင်းပြောကြားခဲ့ပါသည်။

၁၆။ အိန္ဒိယ-မြန်မာဆက်ဆံရေးသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော အနေအထားတွင်ရှိသည်ကို နှစ်နိုင်ငံစလုံးက အသိအမှတ်ပြုကြပါသည်။ အိန္ဒိယ-အာဆီယံ မိတ်ဖက်အနေအထားနှင့် ဘင်းမ်စတက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစရှိသည့် ဒေသတွင်းလုပ်ရှားဆောင်ရွက်မှုများသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါရှိသော ဆောင်ရွက်မှုများဖြစ်သည်ဟု နှစ်ထောင်းအားရစွာ ဖွင့်ဟပြောဆိုကြပါသည်။ နှစ်နိုင်ငံစလုံးသည် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုများစွာကို ချစ်ကြည်ရင်းနှီးစွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် သဘောတူခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် အာဆီယံပေါင်းစည်းရေးအောက်မှ အိန္ဒိယကပေးအပ်သော အကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

၁၇။ နယူးဒေလီ၌ ရှိနေစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟတ္တမဂန္ဒီ၏အုတ်ဂူတွင် လွမ်းသူ့ပန်းခွေချခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်သို့ ပြန်လည်ထွက်ခွာခြင်းမပြုမီ အဂ္ဂရာ၊ ဘန် ဂလော ဗုဒ္ဓဂါယာ၊ စာရာနသ်နှင့် ကော်လ်ကတ္တားစသည့်နေရာများသို့ သွားရောက်လည်ပတ်ခဲ့ကြပါသည်။

၁၈။ ခရီးစဉ်အတွင်း

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ထမံသီရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အစီအစဉ် (၂၀၀၄-၂၀၀၆) တို့ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ရန်ကုန်နှင့် မန္တလေးအကြား အင်တာနက်ဆက်သွယ်ရေးစနစ်နှင့် တယ်လီဖုန်းလိုင်းများအတွက် C˚or DECT WLL တည်ဆောက်ရေးနှင့် နယ်စပ်ဒေသရှိ မြို့များဖြစ်ကြသော မိုရေးနှင့် တမူးမြို့များအကြား Optical Fiber Cable ဆက်သွယ်ရေးအတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်း အထူးချေးငွေ သဘောတူစာချုပ်ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်တို့က လက်မှတ်ရေးထိုးကြပါသည်။ အိန္ဒိယစက်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ စုပေါင်းပြုစုကြသည့် အိန္ဒိယနှင့်မြန်မာ ရေရှည်လုပ်ငန်းဆိုင်ရာ ဆက်သွယ်ရေးအစီရင်ခံစာ အပြည့်အစုံကို ထုတ်ပြန်ခဲ့ပါသည်။

၁၉။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မစ္စတာကေ၊ နတ်ဝါဆင်းတို့သည်လည်းကောင်း၊ မြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အိန္ဒိယနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဝန်ကြီးဌာန ဝန်ကြီး ရှရီဒါရာနီဒီမာရန်တို့သည်လည်းကောင်း၊ မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အိန္ဒိယ မီးရထားဝန်ကြီးဌာနဝန်ကြီး ရှရီလာလူးပရာဆပ်တို့သည် လည်းကောင်း၊ မြန်မာနိုင်ငံ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး ရှရီကာမဲလ်နတ်တို့သည်လည်းကောင်း နယူးဒေလီ၌ အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၂၀။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် (State Visit) လာရောက်ရန် ဖိတ်ကြားရာ ဖိတ်ကြားခြင်းကို ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ဝမ်းမြောက်စွာ လက်ခံခဲ့ပါသည်။

၂၁။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး (Official Visit) လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားပါသည်။

၂၂။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၎င်းနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲပျူငှာစွာနှင့်ရင်းနှီးချစ်ကြည်စွာ ဧည့်ဝတ်ပြုမှုများအတွက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်၊ အိန္ဒိယသမ္မတနိုင်ငံ အစိုးရနှင့် အိန္ဒိယပြည်သူများအား ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

**နယူးဒေလီ**
**၂၀၀၄ခုနှစ်၊ အောက်တိုဘာ ၂၉ရက်**

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များအား မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ဂါရဝပြု ညစာစားပွဲဖြင့်ဧည့်ခံ

ရန်ကုန် အောက်တိုဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၄ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ရောက်ရှိကြရာ သံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် ဇနီး၊ ကော်လ်ကတ္တားမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးဖေယျာဦးနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေး အဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများ၊ နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူများက ကြိုဆိုကြသည်။

ချစ်ကြည်ရေး ခရီးလာရောက်ခဲ့ခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံ ခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားလာလျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သကဲ့သို့ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်လည်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း။

## လက်ဆင့်ကမ်းသယ်ဆောင်

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ အစဉ်အဆက် တည်ဆောက်ဖြစ်ထွန်းခဲ့သည့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို မိမိတို့၏ သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမှာ ဖြစ်ကြောင်း။

သံရုံး၊စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်စေရေးအတွက် အစဉ်အမြဲ အလေးထား ကြိုးပမ်းနေကြရမှာ ဖြစ်ကြောင်း၊ ထို့ပြင် မိမိတာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး သံတမန်ကျင့်ဝတ် စည်းကမ်းများနှင့်အညီ စောင့်ထိန်းလိုက်နာကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့်နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

## အမျိုးသားညီလာခံကျင်းပသွားမည်

အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ် အနက် ပထမအဆင့်လည်းဖြစ်၊ အရေးအကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို မဖြစ်မနေ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်အား နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်တွင် သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ဆရာဝန်ကြီးများနှင့် ပညာတော်သင် သင်တန်းသား သင်တန်းသူများက ဂါရဝပြု ကန်တော့ကြစဉ်။ (သတင်းစဉ်)

## ဂါရဝပြုကန်တော့

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသား သင်တန်းသူများက ဂါရဝပြု ကန်တော့ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့အား သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ ကိုယ်စား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

## တွေ့ဆုံမှာကြား

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းတို့သည် သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများ၊ ဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသား သင်တန်းသူများအား နေအိမ်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာ၌ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်လာကြသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက် ခိုင်မြဲစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့်အဖွဲ့ အိန္ဒိယနိုင်ငံသို့



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်တွင် သံအမတ်ကြီး၊ စစ်သံမှူး၊ ကောင်စစ်ဝန်ချုပ်နှင့် သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်တွင် စစ်သံရုံးဝန်ထမ်း မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့်ဇနီးတို့အား ပေးအပ်စဉ်။ (သတင်းစဉ်)





30-10 (07).p65 7 27.03.1905, 6:14 PM

# မြန်မာကိုယ်စားလှယ်
# ဧည့်ဝတ်ပြုမှုအတွက်



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အခမ်းအနားသို့ တက်ရောက်လာကြသော အိန္ဒိယသမ္မတနိုင်ငံမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)





## ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ပလမ်လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိလာရာ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mr. E.Ahamed** နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ်စားလှယ်အဖွဲ့အား လှိုက်လှဲပျူငှာရင်းနှီးချစ်ကြည်စွာ
# ှုအတွက် အိန္ဒိယအစိုးရနှင့် ပြည်သူများအားကျေးဇူးတင်



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Rajghat ရှိ မဟတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)



## ရင်းနှီးခင်မင်စွာကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့က ရင်းနှီးခင်မင်စွာကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



## သံအမတ်ကြီးနှင့်ဇနီးကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်သို့ရောက်ရှိလာရာ သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီးတို့က ကြိုဆိုကြစဉ်။ (သတင်းစဉ်)



## ကြိုဆို နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ပလမ်လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိလာရာ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. E.Ahamed နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



✻ ကျောဖုံးမှ

## နယူးဒေလီမြို့ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးဒေါ်ခင်သက်ဌေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ပလမ်လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိသည်။

## ခရီးဦးကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် ပလမ်လေတပ်စခန်းဌာနချုပ်သို့ ဆိုက်ရောက်သည်နှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ Mr. Pinak Ranjaijan Chakravarty တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လေယာဉ်ပေါ်မှ ဆင်းလာကြရာ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. E. Ahamed၊ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Mr. Shyam Saran၊ တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

## ဂုဏ်ပြုပန်းစည်းပေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား မြန်မာအမျိုးသမီးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၏ဇနီး ဒေါ်မာမာရှိန်၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့်ဇနီး ဒေါ်သီတာညွန့်၊ မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. E . Ahamed နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ပလမ် လေတပ်စခန်းဌာနချုပ်မှ ခေတ္တတည်းခိုမည့် The Oberoi Hotel သို့ ရောက်ရှိကြသည်။

## ရောင်စုံအလံများစိုက်ထူကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုသောအားဖြင့် ပလမ် လေတပ်စခန်းဌာနချုပ် အဆောက်အအုံနှင့်လေတပ်စခန်း ဌာနချုပ်ဝင်းအတွင်း၌လည်းကောင်း၊ နယူးဒေလီမြို့ရှိ အဓိကလမ်းဆုံများ၊ အဝိုင်းများနှင့် လမ်းတစ်လျှောက်တို့၌လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် အိန္ဒိယသမ္မတနိုင်ငံအလံများ၊ ရောင်စုံအလံများကို စိုက်ထူ၍ ကြိုဆိုထားသည်။ **(သတင်းစဉ်)**



သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ညက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများကို စည်ကားများပြားစွာ တွေ့ရစဉ်။ (သတင်းစဉ်)

# ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီတော်များ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က ကုသိုလ်ကောင်းမှုပြုသူများစည်ကား

ရန်ကုန် အောက်တိုဘာ ၂၉

**ယနေ့သည် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီတော်များဖြစ်ကြသော ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဝရဒါဠ္ဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မယ်လမုစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ဥက္ကလာပစေတီတော်၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီးနှင့် ငါးထပ်ကြီးဘုရားများ၊ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်တွင် တည်ထားကိုးကွယ်သည့် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အပြင် မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလော့စေတီတော်နှင့် ကျိုက္ကလဲ့စေတီတော်၊ ရွှေပြည်သာမြို့နယ်ရှိ သာစုကန်စေတီတော်နှင့် မြို့ဦးစေတီတော်တို့၌ ယမန်နေ့ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ကကဲ့သို့ပင် ယနေ့တွင်လည်း အသံမစဲမဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းတို့အပြင် တရားဘာဝနာပွားများကြသူများ၊ အလှူဒါနပြုကြသူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြသည်။**

### ဆီမီးများပူဇော်

ရွှေတိဂုံစေတီတော် ရင်ပြင်တော် ရာဟုထောင့်ရှိ အောင်မြေတွင် ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ၊ ပတ္တမြားမျက်ရှင် ဘုရားငါးဆူတို့အား ဆီမီးစေတီပုံ ထွန်းညှိပူဇော်ကြပြီး ဘာသာရေး ဝတ်အသင်းများက အသင်း အဖွဲ့အလိုက် ရင်ပြင်တော်မုခ်ဦးတန်ဆောင်းများနှင့် စောင်းတန်းအောက်ခြေ တစ်လျှောက်တို့တွင်

**သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့ညက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေတိဂုံ စေတုသစ္စာပါရမီရှင် သာသနာ့ အကျိုးတော်ဆောင် အသင်းက ဆီမီးပူဇော်ကြစဉ်။**
**ဓာတ်ပုံ–သိန်းဝင်းလေး**
**(မြန်မာ့အလင်း)**



လျှပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်းနှင့် ရင်ပြင်တော်ပတ်လည်တို့တွင် ဆီမီးများဖြင့် ပူဇော်ကြသည်။

ထို့အတူ မဟာဝိဇယစေတီတော်တွင်လည်း အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) ဝတ်အဖွဲ့၊ ရတနာ့ဂုဏ်ရည်ဝတ်အဖွဲ့၊ ဆွေသယာဝတ်အဖွဲ့၊ မေတ္တာအေးဝတ်အဖွဲ့၊ အမှတ် (၁)မော်တော်ယာဉ်ဝတ်အဖွဲ့တို့က နံနက် အရုဏ်တက်မှ ညနေ ၅နာရီခွဲအထိ အဘိဓမ္မာ ခုနစ်ကျမ်းကို ရွတ်ဖတ်ပူဇော်ကြပြီး ညပိုင်းတွင် ဗဟန်းမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ဘုရားဖူးလာပြည်သူများက ဆီမီး ၉၅၀၀ ထွန်းညှိပူဇော်ကြသည်။

### စည်ကားလျက်ရှိ

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌လည်း နန်းဦးဘုရား တန်ဆောင်း၌ အရုဏ်တက်တွင် သစ်သီးဆွမ်းများ ကပ်လှူခြင်း၊ ရောင်တော်ဖွင့် ဝတ်အသင်းက ဝတ်ရွတ်ပူဇော်ကြခြင်း၊ နံနက်ပိုင်းတွင် ဘုရားဖူးပြည်သူများ ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ ညပိုင်းတွင်လည်း ဘုရားဖူးများ ဆီမီးပူဇော်ခြင်းများဖြင့် စည်ကားလျက်ရှိသည်။

### ကပ်လှူပူဇော်

ဆူးလေစေတီတော်တွင်လည်း ဘုရားဖူးပြည်သူများက နံနက်အရုဏ်တက်မှ ညပိုင်းအထိ ဘုရားရှင်များအား ရည်မှန်း၍ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းမှ ဝတ်ရွတ်ပူဇော်ခြင်းနှင့် စေတီတော်ရင်ပြင်ပတ်လည်တွင် ဆီမီး ၅၀၀၀ကို ထွန်းညှိပူဇော်ကြသည်။

ရွှေဘုန်းပွင့် စေတီတော်တွင် ညပိုင်း၌ ဘာသာရေးအဖွဲ့များက ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ကြသည်။

အလားတူ ကမ္ဘာအေးစေတီ၊ စွယ်တော်မြတ်စေတီ၊ ခြောက်ထပ်ကြီးနှင့် ငါးထပ်ကြီးဘုရား၊ မင်းဓမ္မကုန်း၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့တွင် ဘုရားဖူးပြည်သူများက နံနက်အရုဏ်ပိုင်းတွင် ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းများ ကပ်လှူကြပြီး ညပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ခြင်းများဖြင့် စည်ကားလျက်ရှိကြသည်။

**(သတင်းစဉ်)**



**သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ညက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဓမ္မဂုဏ်ရောင်ဝတ်အသင်းက ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ကြစဉ်။ (သတင်းစဉ်)**

# မြန်မာနိုင်ငံသည်လူကုန်ကူးခြင်းတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၀ပြည့်နှစ်ဝန်းကျင်ကစတင်ခဲ့ ဒေသအတွင်း နိုင်ငံအသီးသီးရှိဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှသာအောင်မြင်နိုင် မိမိတို့သည်အမှန်တကယ်လက်တွေ့လုပ်ဆောင်ကြသူများဆိုသည်ကို ကမ္ဘာကြီးသို့အတိအလင်းအသိပေးလိုက်ပြီ





ရန်ကုန် အောက်တိုဘာ ၂၉

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသော မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။** (အပေါ်ပုံ)

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစည်းအဝေးသို့တက်ရောက်လာကြသော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မတ နိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီး များနှင့် ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်း နာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ အထူးဖိတ်ကြား ထားသူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာချားလ်စ်ဂျိမ်းစ် ပေထရီတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိန့်ခွန်း ပြောကြားရာတွင် ယခုကဲ့သို့ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ မိတ်ဆွေ အစိုးရ များအနေဖြင့် အရှိန်အဟုန်မြင့်တက်နေသည့် လူကုန်ကူးခြင်းဒီရေကို ပူးပေါင်း ဟန့်တားနိုင်ရေးအတွက် စုစည်းညီညွတ်စွာ စုပေါင်း အားထုတ်မှုကို ဖော်ပြသည့် ဤသမိုင်းတွင်ရစ်မည့် အစည်းအဝေးကြီးတွင် မိတ်ဆွေများကို ကြိုဆိုရသည့် အတွက် အလွန်ပင် ပီတိဖြစ်မိပါကြောင်း။

ဒေသအတွင်း နိုင်ငံများမှ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးများ ဤအစည်းအဝေးကို တက်ရောက်လာကြသည့်အတွက် အိမ်ရှင်နိုင်ငံအနေဖြင့် များစွာကျေနပ်အားရ မိပါကြောင်း၊ ဤကဲ့သို့ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးများ တက်ရောက်လာခြင်းသည် လူသားများအပေါ် ကျူးလွန်သည့်ပြစ်မှုကြီးဖြစ်သည့် လူကုန်ကူးမှုကို ချေမှုန်း တိုက်ဖျက်သွားရေးအတွက် နိုင်ငံအသီးသီးက ချမှတ်ထားသည့် သန္နိဋ္ဌာန်ကို ခိုင်မာစွာဖော်ပြနေခြင်းပင် ဖြစ်ပါကြောင်း၊ အလားတူ ဤအစည်းအဝေးကြီးကို တက်ရောက်လာကြသော လေ့လာသူပုဂ္ဂိုလ်များကိုလည်း မိတ်ဆွေများ၏ ထောက်ခံအားပေးမှုများအတွက် မိမိတို့အနေဖြင့် အလွန်အားရပြီး တန်ဖိုး ထားပါကြောင်းကို ပြောကြားလိုကြောင်း။

နောင်တွင် COMMIT (Coordinated Mekong Ministrial Initiative against Trafficking)ဟု သမိုင်းတွင်ရစ်မည့်မဟာမဲခေါင်ဒေသအတွင်း ပထမဦးဆုံးအကြိမ်ကျင်းပသည့် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကို မြန်မာနိုင်ငံ အနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသဖြင့် အထူးပင် ဂုဏ်ယူမိပါ ကြောင်း၊ ယနေ့အစည်းအဝေးကြီးတွင် COMMIT ဆိုင်ရာ နားလည်မှု စာချွန်လွှာတစ်ခုကို လက်မှတ်ရေးထိုးနိုင်ခြင်းသည်လည်း ထူးခြားလေးနက် သည့် လက္ခဏာကိုဆောင်လျက်ရှိပါကြောင်း။

## အသိအမှတ်ပြု

ယင်းသည် လူသားများ၏ဂုဏ်သိက္ခာကို ခြိမ်းခြောက်နေသော အန္တရာယ် ကို တိုက်ဖျက်ရန်အတွက် မဟာမဲခေါင်ဒေသခွဲအတွင်းရှိ နိုင်ငံများ ပထမဦးဆုံး အကြိမ် ပူးပေါင်းလက်တွဲမိကြခြင်းဖြစ်ပါကြောင်း၊ ဤအစည်းအဝေးကြီးကို နိုင်ငံအသီးသီးက ဝန်ကြီးဌာနအသီးသီး၏ နယ်ပယ်ကဏ္ဍအသီးသီးက ကိုယ်စား လှယ်များ စုပေါင်းတက်ရောက်ကြခြင်းဖြစ်သည့်အတွက် လူကုန်ကူးခြင်းကို သမားရိုးကျရှုထောင့်တစ်ခုတည်း၊ ဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် တိုက်ဖျက် ရန် မရတော့ဆိုသည်ကို မိမိတို့ဒေသအတွင်းတွင်ရှိသော နိုင်ငံအစိုးရများအားလုံး က ပို၍ပို၍ အသိအမှတ်ပြုလာရသည်ကို သက်သေပြနေပါကြောင်း။

လူကုန်ကူးခြင်းကိုတိုက်ဖျက်ရာတွင် ဒေသအတွင်း နိုင်ငံအသီးသီးရှိ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင် မည်ဆိုသည်ကို မိမိတို့တညီတညွတ်တည်း သဘောတူလက်ခံနေသည်ကို ပြသနေပါကြောင်း၊ မိမိတို့အားလုံး သိကြသည့်အတိုင်း လုပ်ငန်းသဘာဝမတူ သည့် ဝန်ကြီးဌာနများအတွင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုသည် လွယ်ကူ သည့်လုပ်ငန်းတစ်ရပ်မဟုတ်ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် စနစ် တကျ တစည်းတလုံးတည်း ပူးပေါင်းဆောင်ရွက်မှုသည် စိန်ခေါ်မှုတစ်ရပ် ပမာဖြစ်နေခဲ့ပါကြောင်း၊ ယခုဤစိန်ခေါ်မှုများကို မိမိတို့အနေဖြင့် ကျော်လွှား နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုတက်ရောက်နေကြသည့် နိုင်ငံကိုယ်စားလှယ်ကြီး များသည် မတူသည့်ဝန်ကြီးဌာနများက ဖြစ်သည့်အပြင် အခြားပြင်ပအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များလည်းပါဝင်ကြောင်း၊ ယင်းသည်လူကုန်ကူးခြင်းကို တိုက်ဖျက်ရာတွင် နိုင်ငံတော်အဆင့် ပေါင်းစပ်ညှိနှိုင်းမှုစနစ်(Coordinated Approach)တစ်ရပ်ဖြစ်သကဲ့သို့ ဒေသအဆင့်(Regional Level)စနစ်တကျ စုပေါင်းတုံ့ပြန်မှု တစ်ရပ်လည်းဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပါကြောင်း။



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မဲခေါင်မြစ်ဝှမ်း ဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

ဤအစည်းအဝေးကြီး၏ အရေးပါမှုကို သိမြင်လာသည်နှင့်အမျှ မြန်မာ နိုင်ငံ၏ ဝန်ကြီးချုပ်အနေဖြင့်သော်လည်းကောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသမှ နိုင်ငံသားတစ်ယောက် အနေဖြင့်သော်လည်းကောင်း၊ မိမိတို့အားလုံးရင်ဆိုင် နေသည့် ဤလူကုန်ကူးခြင်းပြဿနာကြီး၏ နက်ရှိုင်းမှုနှင့် ဆိုးရွားမှုတို့ကို ပိုမိုသတိပြုလာကြမည်ဖြစ်ကြောင်း၊ စစ်အေးခေတ် ပြီးဆုံးသွားသည့်နောက် ပိုင်းGlobalizationစတင်သည့် အချိန်အခါမှစ၍ အရှိန်အဟုန်ဖြင့် တိုးတက် လာသည့် နည်းပညာများသည် ကမ္ဘာတစ်ဝန်းရှိ လူပုဂ္ဂိုလ်များကိုရော၊ ဝတ္ထု ပစ္စည်းများကိုပါ ခုန်ပျံကျော်လွှား ရွေ့လျားစေလျက်ရှိပါကြောင်း၊ ယင်းရွေ့ လျားမှုများနှင့်အတူ အင်မတန်စက်ဆုပ်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ် သည့် လူကုန်ကူးခြင်းလည်း တိုးတက်ဖြစ်ပွားလာခဲ့ကြောင်း၊ ယင်းကို ဤ အစည်းအဝေးအပါအဝင် အခြားဝန်ကြီးအဆင့်အစည်းအဝေးများ၊ နားလည် မှုစာချွန်လွှာများ၊ ကြေညာစာတမ်းများ၊ Action Planများချည်းသက်သက်နှင့် တားဆီး နိုင်မည်မဟုတ်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် လက်မှတ်ရေးထိုး မည့် နားလည်မှုစာချွန်လာသည် လူကုန်ကူးခြင်းကို တိုက်ဖျက်ရာတွင် အရေးပါသည့် ပထမခြေလှမ်းတစ်ခုမျှသာ ဖြစ်ပါကြောင်း၊ ဤစာချွန်လွှာကို အခြေခံပြီး လူကုန်ကူးခြင်းကို မည်သို့မျှ လက်မခံနိုင်သည့် လူ့ပတ်ဝန်းကျင်၊ လူသားအချင်းချင်း ခေါင်းပုံဖြတ်ခြင်းကို လုံးဝသည်းမခံသည့် လူ့ပတ်ဝန်းကျင် ကိုတည်ဆောက်ကြရမည် ဖြစ်ကြောင်း။

မိမိတို့ခြောက်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများသည် COMMIT Processနှင့် အတွင်းရေးမှူးအဖွဲ့ဖြစ်သည့် UNIAPနဲ့ပူးပေါင်းပြီးRegional Plan of Actionကို ရေးဆွဲလျက်ရှိသည်ဟု သိရကြောင်း၊ ယင်းသည် အသိ အမှတ်ပြုရမည့် ကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်ကြောင်း။

## အားတက်ဖွယ်တွေ့ရ

လူအများရွှေ့ပြောင်းခြင်းနှင့် လူကုန်ကူးခြင်းတို့ ဆက်နွှယ်နေသည် ဆိုသည့် သဘောတရားကို အခြေခံပြီး ရွှေ့ပြောင်းမှုနှင့်ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးလိုကြောင်း၊ လူများသည် တစ်နေရာက တစ်နေရာကို ရွှေ့ပြောင်းသွား လာခြင်းတွင် အမျိုးမျိုးသော အကြောင်းများရှိကြကြောင်း၊ ဤအကြောင်းတရား များကို အကြမ်းဖျင်းအားဖြင့် တွန်းအားနှင့်ဆွဲအား (Push and Pull Factor)၊ သို့မဟုတ် ရောင်းလိုအား၊ ဝယ်လိုအား(Supply and Demand)ဆိုပြီး ခွဲခြမ်းစိတ်ဖြာကြကြောင်း၊ တွန်းအားဆိုသည့် အင်အားများအနက် အပြင်း ထန်ဆုံးသော တွန်းအားမှာ နွမ်းပါးခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှုမမျှတခြင်းနှင့် မိမိတို့နေထိုင်ရာဒေသ၌ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ဖြစ်ကြောင်း၊ ဆွဲအားဆိုသည်မှာ အလုပ်ရရှိရန် အခွင့်အလမ်း ပေါများခြင်း၊ ဝင်ငွေပိုမိုရရှိခြင်းတို့ဖြစ်ကြောင်း၊ မကြာသေးမီကာလအထိ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

30-10 (11).p65 1 27.03.1905, 6:15 PM




**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစည်းအဝေး တက်ရောက်လာကြသည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်းနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၁၁ မှ*

နွမ်းပါးသည့်မူရင်းဒေသ(Place of Origin)များတွင် အလေးပေးပြီး တိုက်ဖျက်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ကြကြောင်း၊ တစ်ချိန်တည်းမှာပင် တိုက်ဖျက်ရမည့်တာဝန်ဆိုသည့် ဝန်ထုပ်ကြီးကိုလည်း ဤနိုင်ငံများအပေါ် ပုံချဖိစီးစေခဲ့ကြောင်း၊ ယခုအချိန်အခါတွင် လူကုန်ကူးခြင်းအကြောင်းကို ပိုမိုနားလည်သဘောပေါက်လာကြသည်နှင့်အမျှ လူကုန်ကူးခြင်းကို တိုက်ဖျက်ရာတွင် ဦးတည်ရာဒေသနိုင်ငံများ(Area of Destination)၌ရှိသော ဈေးပေါပြီး ခေါင်းပုံဖြတ်ရလွယ်မည့် အလုပ်သမားရလိုမှုမြင့်မားနေခြင်းသည် လူကုန်ကူးခြင်းဖြစ်စဉ်ရှင်သန်ရန် တွန်းအားပေးနေသည်ဆိုသည်ကို သိလာကြပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ပြဿနာ၏အရင်းအမြစ်ကို သိလာသည်နှင့်အမျှ ဖြေရှင်းရမည့်တာဝန်များကို ဦးတည်ရာဒေသနိုင်ငံများအနေဖြင့် ပိုပြီးတာဝန်ယူလာသည်ကို အားတက်ဖွယ်ရာတွေ့ရှိရကြောင်း။

ပထဝီအနေအထားအရ ကြည့်မည်ဆိုလျှင် မဲခေါင်မြစ်ဝှမ်းဒေသဟုဆိုသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ဒေသ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် စတုရန်း ကီလိုမီတာပေါင်း နှစ်သန်း လေးသိန်းကျော်ရှိပြီး လူဦးရေသန်းပေါင်း ၂၄၀ကျော်ရှိသည့် ဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဤဒေသကြီးတွင် ရှည်လျားပြီး ထိုးဖောက်လွယ်သည့် နယ်နိမိတ်များရှိနေသည့် နိုင်ငံများနှင့်ဖွဲ့စည်းထားကြောင်း၊ ထို့ကြောင့် ဤမဲခေါင် မြစ်ဝှမ်းဒေသကြီးသည် ရှေးယခင်ကတည်းက ရွှေ့ပြောင်းမှုနှုန်းမြင့်မားသည့် ဒေသကြီးတစ်ခုဖြစ်ခဲ့ကြောင်း၊ ဤသို့ရွှေ့ပြောင်းသွားလာမှုသည် ဤဒေသကြီး၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည့် အကြောင်းတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ ရှေ့အဖို့တွင်လည်း မူရင်းဒေသကိုရော ဦးတည်ရာဒေသကိုပါ အကျိုးရှိစေမည့် အကြောင်းတစ်ရပ်အဖြစ် ဆက်ရှိနေဦးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုအခါ၌ ဤရွှေ့ပြောင်းမှု၏ ဆိုးကျိုးများဖြစ်သည့် ခေါင်းပုံဖြတ်ခြင်း၊ လူကုန်ကူးခြင်းတို့ကိုလည်း တစ်စတစ်စ မြင်တွေ့လာရကြောင်း။

မဲခေါင်မြစ်ဝှမ်းဒေသအတွင်းတွင် ကြုံတွေ့နေရသည့် လူကုန်ကူးခြင်းကိုကြည့်မည်ဆိုလျှင် ဂိုဏ်းဂဏဖွဲ့ပြီး နယ်နိမိတ်ဖြတ်ကျော်သည့် အဖွဲ့များက ကျူးလွန်နေသကဲ့သို့ ဂိုဏ်းဂဏမဖွဲ့ဘဲ တစ်ဦးချင်းကျူးလွန်ကြသည့် ပြစ်မှုများလည်းရှိသည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ နက်နဲသိမ်မွေ့သည့် ပြဿနာကိုဖြေရှင်းရန် စဉ်းစားသည့်အခါ တစ်နိုင်ငံတည်း၊ ဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် လျော့ပါးသွားအောင် မလုပ်နိုင်ဘူးဆိုသည်မှာ ပေါ်လွင်နေပြီဖြစ်ကြောင်း။

## အတွေ့အကြုံဖလှယ်

မိမိတို့ဒေသအတွင်း နိုင်ငံအစိုးရများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အနည်းငယ်ပြောကြားလိုကြောင်း၊ မိမိ၏ဖော်ပြချက်များသည် ရည်ညွှန်းချက်သာဖြစ်ပြီး အပြည့်အစုံဖော်ပြချက် မဟုတ်သည်ကို ကြိုတင်အသိပေးထားလိုကြောင်း၊ ဥပမာတစ်ခုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် လပေါင်းများစွာ ပူးပေါင်းကြိုးပမ်းခဲ့ပြီး လွန်ခဲ့သည့်ဇွန်လက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအဖြစ် လူကုန်ကူးမှု ဆန့်ကျင်ရေးဆက်သွယ်မှု လူထုလှုပ်ရှားမှုတစ်ခုကို အကောင်အထည်ဖော်ခဲ့ကြောင်း၊ နှစ်နိုင်ငံနယ်စပ်တွင်လည်း Border Liaison Office များ ဖွင့်လှစ်ပြီး သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို ဖလှယ်နေသည်ဆိုသည်ကို သိရှိရကြောင်း။

အလားတူပင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံအကြားတွင် ဒေသတွင်းလူကုန်ကူးခြင်းဆိုင်ရာ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး နှစ်နိုင်ငံအကြား လူကုန်ကူးခြင်းကို ကိုင်တွယ်မည့် ယန္တရားတစ်ရပ် တည်ဆောက်နိုင်ခဲ့သည့် စွမ်းဆောင်မှုကို ဒေသတွင်းအစိုးရများအပြင် ကမ္ဘာ့နိုင်ငံများကပါ သတိမူမိကြကြောင်း၊ တစ်ချိန်တည်းမှာပင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ဤသို့လူကုန်ကူးခြင်း တိုက်ဖျက်ရေး ယန္တရားတစ်ရပ်ကို တည်ဆောက်ရန် ကနဦးဆောင်ရွက်ချက်များ စတင်နေပြီဆိုသည်ကို သိရှိရကြောင်း၊ မကြာမီအချိန်က တရားမဝင် အလုပ်သမားများကို တရားဝင်မှတ်ပုံတင်ပေးခဲ့သည့် ထိုင်းနိုင်ငံအစိုးရ၏ လုပ်ဆောင်ချက်သည် အင်မတန်ချီးကျူးဖွယ်ဖြစ်ကြောင်း၊ ဤလုပ်ရပ်သည် အလုပ်သမားများ၊ အလုပ်ရှင်များနှင့် သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးအတွက်ရော၊ အားလုံးအတွက် အကျိုးဖြစ်စေမည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း၊လူကုန်ကူးမှုဆိုင်ရာ ရှုထောင့်ကကြည့်လျှင် အလုပ်သမားတစ်ယောက်၏ တရားမဝင်မှုသည် ဤအလုပ်သမားအပေါ် လွယ်လင့်တကူ ခေါင်းပုံဖြတ်ရန် အခွင့်အလမ်းပေးနေသည်ဆိုသည့် အချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုင်းနိုင်ငံအစိုးရ၏ ရဲဝံ့သည့်ခြေလှမ်းသည် တခြားသော ဦးတည်ရာနိုင်ငံများအတွက် ကောင်းသောဥပမာ ဖော်ဆောင်လျက်ရှိနေကြောင်း။

## တရားဝင်သတ်မှတ်

မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်အချို့ကိုလည်း ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးခြင်း တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၀ ပြည့်နှစ် ဝန်းကျင်ကစတင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်ပမှ လူကုန်ကူးခြင်းခံရသည့် မြန်မာနိုင်ငံသားများကို ပြန်လည်လက်ခံခြင်းဖြင့်စတင်ခဲ့ကြောင်း၊ ၁၉၉၅ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပေကျင်းတွင်ကျင်းပသည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို တက်ရောက်ခဲ့ပြီးနောက် မြန်မာအမျိုးသမီးထုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ဤကော်မတီသည် လူကုန်ကူးခြင်းဟန့်တားရေးလုပ်ငန်းများကို အမျိုးသမီးများအား အကြမ်းဖက်မှု (Violence against Women) ဆိုသည့် ကဏ္ဍအောက်မှနေပြီး အကောင်အထည်ဖော်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ်တွင် တည်ထောင်ပြီး လူကုန်ကူးခြင်း တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ဆက်လက်အကောင် အထည်ဖော်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ ထို့အပြင် လူကုန်ကူးခြင်းပြဿနာ၏ကြီးလေးမှုကို တစ်စထက်တစ်စ အလေးထားလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း ကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ပြီး ဖွဲ့စည်းပေးခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် ပြည်ထဲရေးဝန်ကြီးဌာနကို လူကုန်ကူးခြင်း တိုက်ဖျက်ရာတွင် အဓိက Focal ဝန်ကြီးဌာနအဖြစ် တရားဝင် သတ်မှတ်ပေးခဲ့ကြောင်း။

ဤယန္တရားများ၏ ဘောင်အတွင်းတွင် လူကုန်ကူးခြင်းကို ဘက်စုံမှ တိုက်ဖျက်လျက်ရှိသည့် ကြိုးပမ်းမှုတချို့ကို တင်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် UNIAP နှင့် ပူးပေါင်းပြီး Mobile team အဖွဲ့ဖွဲ့ပြီး နယ်လှည့်သင်တန်းများကို ပေးခဲ့ရာတွင် အခုအခါ၌ ပြည်နယ်နှင့်တိုင်း ၁၃ ခုတွင် Participatory Methodology ကို အခြေခံသည့် သင်တန်းများပေးပြီးဖြစ်ကြောင်း၊ ထို့အပြင် ရွှေ့လျားသွားလာမှု ပုံသဏ္ဌာန်များကို ပိုမိုသိရှိနိုင်ရန် ကနဦး သုတေသနပြုချက်များကိုပါ ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဖန် အာရှဒေသဆိုင်ရာ လူကုန်ကူးမှု ကာကွယ်တားဆီးရေးစီမံကိန်း (ARCPPT) ဆိုသည့် ဩစတြေးလျအစိုးရ၏ ပူးပေါင်းကူညီမှုနှင့် လူကုန်ကူးမှုနှိမ်နင်းရေးအထူးရဲတပ်ဖွဲ့ကို ဖွဲ့စည်းပြီး ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဆက်စပ်ပတ်သက်သည့် ဌာနများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တရားရုံးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့က ကျွမ်းကျင်ပညာရှင်များနှင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့သည် Convention against Transnational Organized Crime နှင့် နောက်ဆက်တွဲ Protocol များကို အသေးစိတ်လေ့လာခဲ့ကြကြောင်း၊ ထို့အပြင် လူကုန်ကူးခြင်း အမှုများကို ကိုင်တွယ်ရာတွင် အသုံးချလျက်ရှိသည့် ဥပဒေများကို တစ်နှစ်တာနီးပါးအချိန်ယူလေ့လာသုံးသပ်ချက်ပေါ် အခြေခံပြီး လူကုန်ကူးခြင်း ဆိုင်ရာ သီးခြားဥပဒေတစ်ခုရေးဆွဲရန် အဆိုပြုခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိ ဥပဒေများကို ပြန်လည်သုံးသပ်ရေးနှင့် အထက်ပါ ကွန်ဗင်းရှင်းနှင့် Protocols များ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ရေးကို ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် အမျိုးသားအဆင့် လူကုန်ကူးခြင်းဆိုင်ရာ ဆွေးနွေးပွဲကြီးမှာလည်း တင်သွင်းဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း၊ ဤဆွေးနွေးပွဲကြီးကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ UNIAP, UNICEF, SC-UK တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်လကပင် လူကုန်ကူးခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို သုံးသပ်သည့် Review Workshop ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNIAP တို့ ဦးဆောင်ကာ UNODC နှင့် ARCPPT အဖွဲ့တို့နှင့် လက်တွဲကျင်းပခဲ့ကြောင်း၊ ထို့အပြင် UNICEF နှင့် ပူးပေါင်းပြီး CSEC နှင့် Trafficking ဆိုသည့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း မေလအတွင်းက ကျင်းပနိုင်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ် မတ်လ၌ မြန်မာနိုင်ငံအနေဖြင့် အထက်တွင် ဖော်ပြခဲ့သည့် ကွန်ဗင်းရှင်းနှင့် Protocol များကို လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း။

လူကုန်ကူးခြင်းတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ဒေသတွင်း ကြိုးပမ်းမှုများကိုကြည့်မည်ဆိုလျှင် နိုင်ငံအစိုးရအသီးသီးသည် နိုင်ငံအတွင်းနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယနေ့ဤအချိန်တွင် မိမိတို့တစ်တွေ ဤနေရာတွင် ရောက်ရှိနေကြခြင်းသည်လည်း ဒေသအဆင့်ဆင့် ပူးပေါင်းဆောင်ရွက်ခြင်းကို အလေးထားနေသည်ဆိုသည်ကိုပေါ်လွင်စေကြောင်း၊ တစ်ဆက်တည်းမှာပင် အပြည်ပြည်ဆိုင်ရာအဆင့်တွင် လူကုန်ကူးခြင်း တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြလိုကြောင်း၊ အထူးသဖြင့် Convention against Transnational Organized Crime နှင့် Protocol များနှင့်ယှဉ်ပြီး တင်ပြလိုကြောင်း။

## နားလည်မှုတည်ဆောက်

ပထမဦးစွာ မိမိတို့ဒေသအတွင်းရှိ နိုင်ငံအချို့သည် အထက်ပါ ကွန်ဗင်းရှင်းနှင့် Trafficking Protocol များ၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်နေပြီဖြစ်ပြီး ကျန်နိုင်ငံများသည်လည်း အဖွဲ့ဝင်နိုင်ငံများဖြစ်ရန် လေးလေးနက်နက် သုံးသပ်နေကြသည်ဆိုသည်ကို သိရကြောင်း၊ ယင်းသည် အလွန်အားရဖွယ်ကောင်းကြောင်း၊ ဤ Protocol များသည် လူကုန်ကူးခြင်းကို တိုက်ဖျက်ရာတွင် အပြည်ပြည်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုကို အသားပေးသည်ကို တွေ့ရကြောင်း၊ ယခု မိမိတို့ဆောင်ရွက်နေကြသည့် COMMIT Process ကြီးသည် ဤ Protocol များ၏ အနှစ်သာရကို ဖော်ဆောင်နေသည်ဟု ဆိုနိုင်ကြောင်း၊ ဤ Protocol များတွင် ပြစ်မှုဆိုင်ရာရှုထောင့်သတ်မှတ်ချက်များ၊ လူကုန်ကူးသူများအရေးယူရေး၊ ထိန်းချုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် လူကုန်ကူးခံရသည့် သားကောင်များကို ကာကွယ်စောင့်ရှောက် ပံ့ပိုးရေးဆိုသည့် အချက်များအားလုံးကို တွန်းအားပေးထားကြောင်း၊ ထို့ကြောင့် Protocol တွင် ပါဝင်သည့် နိုင်ငံများကို လူ့အခွင့်အရေးအပေါ်အခြေခံသည့် တရားဥပဒေစိုးမိုးရေး ရှုထောင့်အခြေခံပြီး လူကုန်ကူးခြင်းကို တိုက်ဖျက်စေကြောင်း၊ အရေးကြီးသည့်တစ်ချက်မှာ ဤ Protocol ပေါ်ပေါက်လာသည့်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအတွင်းတွင် လူကုန်ကူးခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တညီတညွတ်တည်းဖြစ်စေကြောင်း၊ လူကုန်ကူးခြင်းကို တိုက်ဖျက်နေသည့် အဖွဲ့အစည်းများကြားတွင်လည်း ဤပြဿနာနှင့်ပတ်သက်ပြီး တညီတညွတ်တည်းဖြစ်သည့် နားလည်မှုတစ်ရပ် တည်ဆောက်စေခြင်းအားဖြင့် ပူးပေါင်းပါဝင်မှု အရှိန်အဟုန်ကို မြင့်မားစေကြောင်း။

နိဂုံးချုပ်အနေဖြင့်–

- **မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ယနေ့ တက်ရောက်လာကြသည့် နိုင်ငံအစိုးရများနှင့်အတူ စိတ်အားထက်သန်စွာ လက်တွဲပြီး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ပါမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ထပ်လောင်းပြောကြားလိုကြောင်း။**
- **မိမိတို့သည် အပြောသက်သက်မဟုတ်ဘဲ အမှန်တကယ် လက်တွေ့လုပ်ဆောင်ကြသည့်သူများဆိုသည်ကို လူကုန်ကူးသူများကိုရော၊ ကမ္ဘာကြီးကိုပါ အတိအလင်း အသိပေးလိုက်ပြီဖြစ်ကြောင်း၊ မိမိတို့၏ခိုင်မာသည့်သန္နိဋ္ဌာန်ကို ဤလူကုန်ကူးမှုသံသရာ Vicious Cycle of Taufficking ကို ဖြိုခွဲပစ်မည်ဖြစ်ကြောင်း။**
- **လူကုန်ကူးခြင်းဆိုသည့် ပြစ်မှုကြီးကို တိုက်ဖျက်ရာတွင် အဓိကတာဝန်ခံရသည်မှာ နိုင်ငံအစိုးရများဖြစ်ကြောင်း၊ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်ပမှ ပံ့ပိုးမှုများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှုများအား မိမိတို့ ကြိုးပမ်းအားထုတ်မှုကို ပိုပြီး အရှိန်အဟုန်သက်ရောက်စေသည်ဟု သုံးသပ်၍ရကြောင်း၊ထို့ကြောင့် ယခု COMMIT Process ကြီး၏ အရေးပါပုံကို အသိအမှတ်ပြုပြီး အားတက်သရော ပံ့ပိုးကူညီကြသည့် ဩစတြေးလျနိုင်ငံ၊ နော်ဝေးနိုင်ငံ၊ နယူးဇီလန်နိုင်ငံ UNFPA, UNICEF, UNODC, UNDP, SC-UK, IOM နဲ့ ADB (အာရှဖွံ့ဖြိုးရေးဘဏ်)တို့ကို ဤမဲခေါင်မြစ်ဝှမ်းဒေသရှိ အစိုးရများနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိသည်ဟု ပြောကြားလိုကြောင်း။**
- **ဤ Commit Process ကြီးကို အစ၊ အလယ်၊ အဆုံးတိုင်အောင် ဘက်ပေါင်းစုံမှ မမောတမ်း ကူညီပံ့ပိုးပေးသည့် UNIAP ကို အထူးလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်သည်ဟု ပြောကြားလိုကြောင်း။**

*စာမျက်နှာ ၁၃ ကော်လံ ၃ သို့*

*စာမျက်နှာ ၇ မှ*

သံရုံး၊ စစ်သံရုံးဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒလမ်းစဉ်များကို သိရှိပြီး မူဝါဒလမ်းစဉ်များ အောင်မြင်ဖြစ်ထွန်းအောင် ခိုင်မာသည့် ယုံကြည်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါး၊ တစ်နည်းအားဖြင့် အမျိုးသားရေးတာဝန်ကြီး သုံးရပ်ကို အသက်ထက်ဆုံး စောင့်ထိန်းလိုက်နာသွားကြရန် မှာကြားလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ကျေသက်သက် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ မိမိလုပ်ငန်းအပေါ် တာဝန်သိသိ သစ္စာရှိရှိဖြင့် သံတမန်များ၏ ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာ၍ ကိုယ်ကျင့်တရား ကောင်းမွန်သူများ၊ အရည်အချင်းပြည့်ဝသူများ၊ အများအကျိုးနှင့် နိုင်ငံတော်အကျိုးကို ထမ်းဆောင်ကြသည့် ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းက သံတမန်ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို နားလည်ကျွမ်းကျင်ပြီး မိမိလူမျိုး၊ မိမိနိုင်ငံအပေါ် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ကြရန် မှာကြားသည်။

**တည်ခင်းဧည့်ခံ**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် သံအမတ်ကြီးနေအိမ်မှ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

---

■ *ရှေ့ဖုံးမှ*

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာအေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်၏ ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်ရန် နံနက် ၁၀နာရီတွင် နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ သမ္မတနန်းတော် အဝင်ဝမှ မြင်းစီးတပ်ဖွဲ့က ကြိုဆို၍ သမ္မတနန်းတော် အဆောက်အအုံရှေ့သို့ ခေါ်ဆောင်လာသည်။

**အမြောက်(၂၁)ချက်**

**ပစ်ဖောက်ဂုဏ်ပြု**

ထိုသို့ မြင်းစီးတပ်ဖွဲ့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကြိုဆိုခေါ်ဆောင်လာစဉ် အမြောက်(၂၁)ချက် ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကျင်းပမည့် သမ္မတနန်းတော်အဆောက်အအုံရှေ့သို့ ရောက်ရှိရာတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

**လှိုက်လှဲခင်မင်စွာကြိုဆို**

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းက လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ Mr. Pinak Ranjaijan Chakravarty က ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် ဂါရဝပြုပြပန်ကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဂုဏ်ပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထိုအချိန်တွင် စစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်နှင့် ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကာကွယ်ရေးဝန်ကြီးဌာနဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်မှူးချုပ်သန်းအောင်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးဦးကြည်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အလားတူ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်နှင့်အတူ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှရီကေ၊ နတ်ဝါဆင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Shri Shivraj Patil, Minister of Chem & Fert and Steel, Shri Ram Vilas Paswan၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ဘူလ်တန်နိုင်ငံ သံအမတ်ကြီးနှင့် သံတမန်အဖွဲ့ နာယက H. E. Lyonpo Dago Tshering တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---



# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား လက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေကြသော ကမ္ဘောဒီးယားနိုင်ငံ Ministry of Social Affairs Veterans and Youth Rehabilitation မှ Minister, Mr. Ith Sam Heng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Working Commitee for Children and Women မှ Minister and Vice Chairperson, Madame Huang Qingyi၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ Ministry of Labour and Social Welfare မှ Minister, Mr.Somphanh Phengkhammy၊ ထိုင်းနိုင်ငံ Ministry of Social Development and Human Security မှ Permanent Secretary, Mr. Wanlop Polytabtem နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Ministry of Public Security မှ Vice-Minister, Lieutenat General Dr. Le The Tiem တို့အား ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဧည့်သည်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး Mr.Charles James Petrie၊ ဗန်ကောက်မြို့မှ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တစ်ဦးဖြစ်သူ Mr. Robert England နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၁၂ မှ*

- **ကြွရောက်လာကြသည့် ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များအား ထာဝရနွေးထွေးစွာကြိုဆိုနေသည့်မြန်မာနိုင်ငံတွင် ရောက်ရှိခိုက်ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း၊**
- **COMMIT MoU ကို အောင်မြင်စွာ လက်မှတ် ရေးထိုးနိုင်ကြပါစေ၊ COMMIT Plan of Action ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အစည်းအဝေးသို့ တက်ရောက်လာကြသော မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများမှ ဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့်ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အစည်းအဝေးတက်ရောက်လာကြသော မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများမှ ဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း နိုင်ငံများက နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုပြခန်းများကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

---

**သာယာမည်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

---

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် အောက်တိုဘာလအတွက်**

**နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၃၁-၁၀-၂၀၀၆ရက်နေ့**

**၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွက်**

**(၁၄-၁၁-၂၀၀၆)ရက်နေ့နှင့် (၂၈-၁၁-၂၀၀၆)ရက်နေ့**

## မြဝတီရုပ်မြင်သံကြား

၃၀-၁၀-၂၀၀၄(စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သောတာနုဂတသုတ်"**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၅။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Cyclone and Anti-Cyclone (ပထမနှစ်၊ပထဝီဝင်အထူးပြု)
၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း-၈)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ English Premier League ဘောလုံးပွဲ Blackburn Rovers °°°°°°°°& Liverpool

**ကျေးလက်အကျိုး အစဉ်သယ်ပိုးမှာ ဒို့ကျေးရွာ**
**သိမှတ်စရာ အစုံပါ၊ ဖတ်ပါ မှတ်ပါ ဒို့ကျေးရွာ**

ဖေဒင်၊ ရုပ်ရှင်၊ မိုးလေဝသ၊ ဒီဗွီဒီ၊ စကားပုံ၊ ဆောင်းပါး၊ သတင်း၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ အမေးအဖြေ၊ ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ သိစရာ၊ မှတ်စရာ၊ ဖတ်စရာ၊ ပျော်စရာ ကျေးရွာပြည်သူအတွက် သီးသန့်ဂျာနယ်။

**၁-၁၁-၂၀၀၄ ထွက်ပါပြီ**

## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

ကန်တော်ကြီးသဘာဝပန်းဥယျာဉ်ရှိ ကရဝိက်ဥယျာဉ်၌ အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

၁။ ဧည့်ကြို ၁၀တန်းအောင် (ကျား/မ)
(အသက် ၁၈နှစ်မှ ၂၂နှစ် အတွင်း)
၂။ လုံခြုံရေး ၁၀တန်းအောင် (ကျား)
(အသက် ၂၅နှစ် အထက်)

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို တစ်ပါတည်းယူဆောင်၍ ၁-၁၁-၂၀၀၄ရက်မှ ၃-၁၁-၂၀၀၄ရက်အထိ သုံးရက်အတွင်း နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကရဝိက်ဥယျာဉ်စီမံကိန်းရုံး (ကရဝိက်ကျွန်းသို့) လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်
### အထွေထွေလုပ်သားများအား ခေါ်ယူခြင်း

"ရွှေအင်း၁၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီ လီမိတက်" နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော **"သုခစုစုံ ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီ"** မှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

(၁) လုပ်သားအရေအတွက် - (၃၀)ဦး
(၂) အချိန်ကန့်သတ်ချက် - တစ်လအတွင်း
(၃) တစ်နေ့အလုပ်ချိန် (၈) နာရီ
(၄) အခြေခံလစာ တစ်နေ့ (၂၀)ရင်းဂစ်
(၅) အချိန်ပိုလုပ်ခသည် သာမန်လုပ်ခနှုန်းထက် (၁.၅)ဆရရှိမည်။
(၆) ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် မလေးရှားနိုင်ငံဥပဒေအတိုင်း ဖြစ်သည်။
(၇) ဝန်ဆောင်ခ ကျပ်ခြောက်သိန်းခွဲ ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက -

**"သုခစုစုံ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ"**

အမှတ် (၁၀၇)မြေညီထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတား၊ရန်ကုန်မြို့။ ဖုန်း-၂၅၃၂၉၈၊ ၆၄၂၉၀၂၊ ၂၅၃၉၅၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

PACIFIC DIGITAL PHOTO SERVICE

မှ

ဓါတ်ပုံလက်ဆောင်များ

ပုံ(၃၀)အထက်ဖလင်(၂)လိပ်ကူးလျှင်ဖလင်အသစ်(၁)လိပ်လက်ဆောင်ပေးမည်။

DIGITAL စက်ကြီးများဖြင့်
(FILM) နှင့် DIGITAL CAMERA မှ

| | | | |
|---|---|---|---|
| PC | 65/- ကျပ် | (4"x6") | 85/- ကျပ် |
| (8"x10") | ကျပ် 500/- | (10"x12") | ကျပ် 700/- |

ထိတိုင်းထွေသတင်းလက်မှတ်ပေးနေခြင်း (၁၀)ရက်မှနေ၍

(၁) အမှတ် (၁၅/၁၇)၊ အနော်ရထာလမ်း ၊ ရန်ကုန်မြို့။ 241073, 383406
(၂) အမှတ် (၁၃၉/၁၄၇)၊ အနော်ရထာလမ်း ၊ (၃၃လမ်းထောင့်) ရန်ကုန်မြို့။ 384528
(၃) အမှတ် (၅၃၃)၊ ပေါက်တောလမ်း ၊ (၃၂လမ်းထောင့်)၊ ဗိုလ်ချုပ်အောင်ဆန်း၊ ရန်ကုန်မြို့။

ကိန္နရီ®

၁၉၅၈ခုနှစ်တွင် စတင်တည်ထောင်သည်။
မိမိပိုင်စက်ရုံမှ ကိုယ်ပိုင် ရက်လုပ်၍ ထုတ်လုပ်ထားပါသဖြင့်
"ကိန္နရီ" ချည်ချောလုံချည်များသည် အနုကြီးခြင်း၊ကွင်းကျယ်ခြင်း၊ ချည်သားစစ်မှန်ခြင်းနှင့်
ဆေးရောင်ခိုင်ခံ့မှုကို (အထူး)အထူး အာမခံပါသည်။

အဆင့်မြင့်ချည်ချောလုံချည် ပင်ရင်း - ကိန္နရီအထည်စက်၊ သံတောမြို့၊ ဖုန်း - ၀၆၄-၅၀၁၃၁ (သံတော)၊ ၀၁-၅၂၆၂၂၀ (ရန်ကုန်)

## သီတင်းကျွတ်အကြီးအရောင်းပွဲတော်
## ( 16 . 10 . 2004 မှ 16 . 11 . 2004 ) အတွင်း
## "ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

(လူတိုင်း လူတိုင်း တိုက်ခန်း မြေကွက် ပိုင်ဆိုင်နိုင်ရေး)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ ၊ တည်ဆောက်ဆဲတိုက်ခန်းများ ၊ ဆိုင်ခန်းများ ၊ မြေကွက်များ
- လှိုင်မြို့နယ် ၊ ကမာရွတ်မြို့နယ် ၊ သုဝဏ္ဏမြို့နယ် ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၊ ဒဂုံတောင်/မြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ ၊ အထပ်စုံ ၊ အရွယ်စုံ HALL TYPE, ROOM TYPE
- လူနေခန်းသုံးလုပ်လုပ် ၊ ရုံးခန်းသုံးလုပ်လုပ် ၊ စီးပွားရေးသုံးလုပ်လုပ် ၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

အမြတ်ခွန် ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်

တိုက်ခန်းတန်ဖိုး အနည်းဆုံး ကျပ် ( ၂၄ ) သိန်းဖြစ်ပါတယ်

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်) ၊ တတိယထပ် ၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၀၇၄၅ ၊ ၅၄၀၇၄၆ ၊ ၅၄၀၇၄၇ ။

## အုတ်ဖိုမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်

အုတ်ဖို အောက်တိုဘာ ၂၆

**အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို မြို့နယ်အတွင်း ဖွင့်လှစ်လျက် ရှိရာ အောက်တိုဘာ ၂၃ရက်က ကံသာယာကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငွေခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျေးရွာရပ်မိရပ်ဖ ဦးဟန်စိန်–ဒေါ်ထားစိန်တို့က ရုပ်မြင်သံကြားစက်တစ်လုံးကိုလည်းကောင်း၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံ အုပ် ၅၀ကိုလည်းကောင်း၊ စေတနာရှင်များက စာအုပ်မျိုးစုံ ၁၀၀ကျော်ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အလားတူ စာကြည့်တိုက်ဖွင့်ပွဲများကို အောက်တိုဘာ ၂၁ရက်က တယ်ပင်ကျောကျေးရွာအုပ်စုတွင် အောင်မြင့်မြတ်စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးတင်ဝင်းကလည်းကောင်း၊ အောက်တိုဘာ ၂၂ရက်က ချောင်းဝေါင်းကျေးရွာအုပ်စု၌ မြတ်ဂုဏ်ဆောင်စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးတင်မြင့်ကလည်းကောင်း ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**





**အောက်တိုဘာ ၂၃ရက်က ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက် အသီးသီး၌ ဝါဆိုတော်မူကြသော သံဃာတော်အပါး ၂၄၀၀နှင့် ကုလဝိသေသီစာသင်တိုက်ရှိ သီလရှင်အပါး ၈၀တို့အား ပုသိမ်မြို့ရွှေမုဋ္ဌောဘုရားအရှေ့မုခ် ဒေါ်လှယဉ်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသော မြို့မဆွမ်းလောင်း အသင်းတွင် ပုသိမ်ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် ရုံးအဖွဲ့ဝင်များက အရဏ်ဆွမ်းလောင်းလှူကြစဉ်။** (က–ပ)

## ကျေးလက် သတင်းနှင့် မြင်ကွင်း

## သန့်ရှင်းလှပရေး ချုံနွယ်များရှင်းလင်း

**ဆွမ်ပရာဘွမ် အောက်တိုဘာ ၁၅**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသာယာ လှပရေးအတွက် စက်တင်ဘာ၂၃ရက်က လမ်းဘေးဝဲယာတစ်လျှောက်တွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များသိမ်းဆည်းခြင်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်းဆောင်ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးဒေဝအောင်က ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(ပြည်နယ် စည်ပင်)**

**ပေါင်မြို့နယ် ဥတ္တံ့တားကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဦးဆောင်မှုဖြင့် ကျေးရွာလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ အောက်တိုဘာ ၁၅ရက်က ဥတ္တံ့တားကျေးရွာနှင့် အောက်ကွင်းကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းကို စုပေါင်းပြုပြင်ဆောင်ရွက်ကြစဉ်။** (၂၆၀)



## ပျဉ်းမနားမြို့တွင်ပညာပန်းတိုင်စာကြည့်တိုက်ဖွင့်လှစ်

**ပျဉ်းမနား အောက်တိုဘာ ၂၂**

ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအုပ်စုမြို့ဦးကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာပန်းတိုင်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၉ရက်က မြို့ဦးဓမ္မာရုံ အဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဇော်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာပန်းတိုင်စာကြည့်တိုက်အတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စေတနာရှင်များက လှူဒါန်းသောအလှူငွေနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဝင်းထိန်က လက်ခံရယူသည်။ **(၀၉၉)**

## ကျောင်းကျန်းမာရေးဆုရ မူလတန်းကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနား မော်ကျွန်းတွင်ကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၆

**ကျောင်းကျန်းမာရေးဆုရ အခြေခံပညာ မူလတန်းကျောင်းများအား တတိယအကြိမ်မြောက် ဆုပေးပွဲနှင့် ကျန်းမာရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲကို အောက်တိုဘာ ၂၃ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ အေ(၉)လမ်း မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။**

### လက်ခံရယူ

အခမ်းအနားတွင် ကျောင်းကျန်းမာရေး ပထမဆုရ အေ(၉)လမ်းမူလတန်းကျောင်းအား ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် သွားဘက် ဆိုင်ရာဆရာဝန် ဒေါက်တာ အေးအေးမော်က ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ကျောင်းအုပ်ကြီး ဦးမောင်ဌေးက လက်ခံရယူသည်။ **(ယာပုံ)**

### ပေးအပ်ချီးမြှင့်

ထို့နောက် ကျောင်းကျန်းမာရေး ဒုတိယဆုရ အောင်သုခ မူလတန်းကျောင်း၊ တတိယဆုရ တောရ မူလတန်းကျောင်းနှင့် နှစ်သိမ့်ဆုရ ၁၄လမ်း မူလတန်းကျောင်းတို့အား ကျန်းမာရေးဆရာမ ဒေါ်နယ်လီသန်းနှင့် ဆရာမများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၀၉၇)**



## ပင်လောင်းမြို့နယ် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

## အလှူငွေနှင့် သတင်းစာ၊ ဂျာနယ်မျိုးစုံလှူဒါန်း

ပင်လောင်း အောက်တိုဘာ ၁၈

**ပင်လောင်းမြို့နယ် လိန်းညားကျေးရွာအုပ်စု တောင်လေးရွာတွင် ကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၉ရက်က ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးထွန်းရွှေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက စာကြည့်တိုက်ဖွင့်လှစ်ရသည့် အကြောင်းရင်းနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းပြောကြားကြသည်။

စာကြည့်တိုက်သို့ အလှူရှင်အသီးသီးက စာအုပ်မျိုးစုံ ၁၂၁အုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မဂ္ဂဇင်းမျိုးစုံ ၅၀၊ အလှူရှင်များက သတင်းစာ၊ ဂျာနယ်မျိုးစုံ ၅၆စောင်နှင့် အလှူငွေကျပ် ၃၄၄၈၀တို့ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ရယူကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်စာကြည့်တိုက်အဆောက်အအုံအား ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းရွှေ၊ အဖွဲ့ဝင်(၂) ဦးမြင့်သောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းနှင့် ရပ်မိရပ်ဖ ဦးမောင်မောင်တီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ချောင်းဆုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ အောက်တိုဘာ ၁၀ရက်က ကွမ်ရိုက်ကျေးရွာအုပ်စုတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။**

(မြို့နယ်လဝက)



**မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနေးယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှင့် အညီ လိုက်နာဆောင်ရွက် စေ ရန် အတွက် ဦးစီးအရာရှိ ဦးဌေးလှိုင် ဦးဆောင်သော အဖွဲ့က နေခြည်ဈေးပတ်ဝန်းကျင်တွင် အနေးယာဉ်များကို စစ်ဆေးမှုများဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# ကျောင်းကုန်းမြို့နယ်တွင် ရွှေဒေါင့်ကွေးစာကြည့်တိုက်ဖွင့်လှစ်

**ကျောင်းကုန်း အောက်တိုဘာ ၂၃**

ကျောင်းကုန်းမြို့နယ် ဒေါင့်ကွေးကျေးရွာအုပ်စု ကွင်းဘောကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရွှေဒေါင့်ကွေး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီကကျင်းပရာ ကျေးရွာ ဥက္ကဋ္ဌ ဦးတင်အုန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**စာအုပ်များ လက်ခံ**

ထို့နောက် စာကြည့်တိုက်တွင် ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်၏တန်ဖိုးနှင့်စာပေတန်ဖိုးများ ဟောပြောသည်။ စာအုပ်များကို ကျေးရွာဥက္ကဋ္ဌထံပေးအပ်ပြီး စာပေဝါသနာရှင်များနှင့် အလှူရှင်များ ပေးအပ်လှူဒါန်းသည့် စာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က လက်ခံသည်။

**စာကြည့်တိုက်များ ဖွင့်လှစ်**

အလားတူ ကျေးလက်စာကြည့်တိုက်များဖွင့်ပွဲများကို ကျောင်းကုန်းမြို့နယ် ကျေးရွာအုပ်စုများဖြစ်သည့် ထန်းတပင်၊ ဇီးချောင်း၊ ဆင်ကူး၊ မြိုက်၊ ရင်ဆိုင်၊ ရွှေပန်းငူနှင့် လိပ္ပုတ် စသည့် ကျေးရွာများတွင် ဖွင့်လှစ်ကြသည်။ **(၂၆၅)**





ကျိုက်လတ်မြို့ ၂ လမ်း မဟာအတုလမြတ်မုနိရုပ်တော်မူဘုရားကြီး၏ (၇)ကြိမ်မြောက် တာဝတိံသာ ဘုရားပွဲတော်နှင့် မီးထွန်းပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ရက်က တာဝတိံသာဘုရားရှေ့တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်နှင့် ဘုရားဂေါပက ဥက္ကဋ္ဌ ဦးအောင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၅၈)

အိမ်မဲမြို့နယ် နယ်မြေခံတပ်ရင်း မိသားစုအတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၃ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးမောင်မောင်လှက ဒုတိယဗိုလ်မှူးကြီး စိုင်းသော်လင်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

## အမြို့မြို့ အနယ်နယ် သတင်းများ



## (၁၁၃)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၉**

ရေနံထွက်ပစ္စည်းရောင်းချရေး လုပ်ငန်းမှ ဦးစိုးတင့်(ငြိမ်း) လူမှုထူးချွန်ဆု(ပထမဆင့်) **(အပေါ်ပုံ)** သည် အောက်တိုဘာ ၂၄ ရက်က မင်္ဂလာဗျူဟာအသင်းချုပ်၌ (၁၁၃) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

**ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မင်္ဂလာရေကန်အား ပြည်သူများရေ ဖူလုံစွာ ရရှိရေးအတွက် ရေသွင်းထားမှုအခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင်နှင့်အဖွဲ့အား အမှုဆောင်အရာရှိ ဦးသန့်ဇင်က ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)



# စုပေါင်းသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အသင်း ကထိန်ကျင်းပရေးညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

စကျင်မန်းမြို့နယ် စုပေါင်းသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အသင်း၏ ၁၃၆၆ ခုနှစ် ကထိန်ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်က မန္တလေးမြို့ သီရိမန္တလာ ကားဝင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**တာဝန်ပေးအပ်**

အခမ်းအနားတွင် ကထိန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီဥက္ကဋ္ဌ ဦးစောမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင်၊ အတွင်းရေးမှူး ဦးတင်လှ၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဦးအပါအဝင် ၁၅ဦးကို ဖွဲ့စည်းတာဝန်ပေးအပ်ကြသည်။ **(က-ပ)**

# ဝမ်းတွင်းမြို့နယ်တွင် စိန်သရဖူ စာကြည့်တိုက်ဖွင့်

**ဝမ်းတွင်း အောက်တိုဘာ ၁၂**

ဝမ်းတွင်းမြို့နယ် ရွှေဖလားကန် ကျေးရွာအုပ်စု စိန်ပန်းပင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးစိန်သရဖူ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ ဥက္ကဋ္ဌ ဦးနီမောင်နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဦးသိန်းမြင့်(ရုပ်/သံ-၃)က စိန်သရဖူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၆၆ အုပ် ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးနီမောင်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



**ထောက်ပံ့ကြေးငွေပေးအပ်**

**ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်း သားသမီးများအား ဒုတိယအကြိမ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)



**ဆားလင်းကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို အောက်တိုဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးစိုးထွန်းဝေက လပ်ပံတောင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်သိန်းထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။**
(မြို့နယ် ပြန်/ဆက်)



# ဖျာပုံမြို့နယ်တွင် အထကကျောင်းခွဲဖွင့်ပွဲကျင်းပ

**ဖျာပုံ အောက်တိုဘာ ၂၆**

ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက်က ဖျာပုံတမံကျေးရွာ အထကကျောင်းခွဲမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့်ဖျာပုံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေတို့က ကျောင်းဆိုင်းဘုတ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ခရိုင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူရှင်များက အလှူငွေကျပ်နှစ်သိန်းသုံးသောင်းကျော် ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင် ဗလမင်းထင်တံတားထိပ်တွင် မြေခင်းအလှပြုပြင်ဆောင်ရွက်ထားစဉ်။** (က-ပ)



# နောင်တရားမြို့တွင် ဉာဏ်ပွင့်စာကြည့်တိုက်ဖွင့်လှစ်

**နောင်တရား အောက်တိုဘာ ၂၀**

နောင်တရားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် နမ်းပုလင်းကျေးရွာအုပ်စု ဉာဏ်ပင်ရွာ ကိုယ့်အားကိုယ်ကိုး ဉာဏ်ပွင့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ရက် ညနေ ၃နာရီက တောင်သူများ ဝင်ငွေတိုး အဆောက်အအုံ၌ ကျင်းပရာ နောင်တရားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဦးစီးမှူးတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်နှင့် သဘောထားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးမှူးက စာကြည့်တိုက်သို့ လှူဒါန်းသော စာအုပ်မျိုးစုံ ၇၆အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးခွန်သန်းဦးက လက်ခံရယူသည်။ **(၃၆၉)**



**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမောင်တို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍ အောက်တိုဘာ ၂၃ရက်က မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် ရေမြောင်းများ တူးဖော်ဆယ်ယူခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းဇော်မြင့် ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ချမ်းအေးသာစံအထက(၁၄)မိဘဆရာစည်းဝေး ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ရက်က ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာမကြီးဒေါ်သောင်းသောင်းဝင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်း ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ပထမဆုရရှိသော ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဇင်လင်းအား ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်က ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဂုဏ်ထူးဆုများနှင့် ကျောင်းတွင်းအတန်းလိုက် ထူးချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(က-ပ)**

# ကျေးလက် သတင်းနှင့် မြင်ကွင်း



**မုဒုံမြို့နယ် ကော့ခပုံ-မိုန်ကနိမ်း ကျေးလက်လမ်း ဂဝံခင်းရန် လမ်းချဲ့ခြင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းဆောင် ရွက်မှု ကို အောက်တိုဘာ ၁၄ ရက်က မွန်ပြည် နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်း ကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်းပြသကြစဉ်။** (မြို့နယ်စည်ပင်)

# ကျောက်ပန်းတောင်းမြို့နယ် စာကြည့်တိုက်များဖွင့်လှစ်ရေး ဟောပြောဆောင်ရွက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၅**

ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် စာအုပ်၊ စာစောင်များ မတည်လှူဒါန်းခြင်းကို စက်တင်ဘာ ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစံမြို့က ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စည်းရုံးဟောပြောဆောင်ရွက်ပြီး စာအုပ်၊ စာစောင်နှင့် ဂျာနယ်များပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**ပခုက္ကူမြို့နယ် မြိုင်မြို့ ဗဟင်းကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများအား အောက်တိုဘာ ၁၅ရက်က မြို့နယ်ဦးစီးမှူး ဦးရှင်ခန့်ထန်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (၄၁၃)

## မြန်မာ့အသံ

**၁၀-၁၀-၂၀၀၆**
**(စနေနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် ဦးဥတ္တမသာရ ဆရာတော်ကြီး၏ (အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၀၉:၄၅ အာဆီယံအစီအစဉ်
- ၁၀:၀၅ အာယုနှင့်သာစုဆွေးနွေးခန်း
- ၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ဒစ်ဂျစ်တယ်နည်းပညာသုံး ပြည်တွင်းဖြစ်နားကြားကိရိယာ အကြောင်း)
- ၁၁:၃၅ အဘိုးအဘွားအလေးထား (ရုပ်ရှင်သရုပ်ဆောင်ကြီး ဒေါ်မေကြည်သိန်း)
- ၁၂:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
- ၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
- ၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပညာရေးအထူးအစီအစဉ်)

**ညနေပိုင်း**

- ၁၇:၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
- ၁၇:၄၀ သိမှတ်စရာကွန်ပျူတာ (ကွန်ပျူတာက အသံတွေ ဆူညံနေလျှင်)
- ၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (လေ့ကျင့်ခန်းဖြင့် ခန္ဓာကိုယ် အလေးချိန်ထိန်းသိမ်းနိုင်ခြင်း)
- ၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
- ၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ဦးတေထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော ရွှေယမင်းဦး၏ 'ချစ်ဆိပ်ရည်' တေးစီးရီး
- ၂၀:၃၀ English Lesson Working Knowledge

**အောက်တိုဘာ ၁၄ ရက်က ကော့သောင်းမြို့ လက်ဝှေ့ဆပ်ကော်မတီက နဝရတ် အားကစားရုံတွင် ကျင်းပသော ဖိတ်ခေါ်ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပရာမြို့နယ်ဥက္ကဋ္ဌဗိုလ်ကြီး ထွန်းဟံဝင်းက အကောင်းဆုံးလက်ဝှေ့သမားဆု ငါးချိုပွဲ (ကော့သောင်း-အသဲမတူ)အား ၂၁ လက်မတီဗွီ တစ်လုံးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက နောက်ဆုံးပေါ် နာရီ တစ်လုံးကို ပေးအပ်ချီးမြှင့်စဉ်။** (၃၈၉)





**မအူပင်မြို့နယ်တွင် မြို့တွင်း လမ်းဘေးဝဲယာ ပလက်ဖောင်းများအသစ် ပြန်လည်တည် ဆောက်ခြင်း၊ ပန်း အလှပင်နှင့် အရိပ်ရ ပင်များစိုက်ပျိုးခြင်းကို ရေလဲလမ်းတစ် လျှောက် ဝဲယာပလက်ဖောင်း အသစ်တည်ဆောက်ခြင်းအား တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း ကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစိုးနိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။** (က-ပ)

## ဒေါ်စိန်စိန် (ရေစကြိုမြို့)
### အသက်(၇၆)နှစ်

ရေစကြိုမြို့၊ ဈေးဟောင်းရပ်နေ (ဦးဘချစ်–ဒေါ်တင်မြ)တို့၏သမီး၊ (ဦးဘိုးနှစ်–ဒေါ်မိ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃၄(က)နေ (ဦးဘလှ)၏ဇနီး၊ ဦးသန်းညွန့်ဆွေ (ကပခွဲ၊ အင်းစိန်)၊ ဦးအောင်ကျော်လှ(R/O)–ဒေါ်ခင်မလေး၊ ဒုအရာခံဗိုလ်သောင်းတင်လှ–ဒေါ်ခင်အုန်းမြင့် (အထက–၃၊ ထောက်ကြန့်)၊ ဦးညီညီထွန်း (ပထမအရာရှိ၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–ဒေါ်စန်းစန်းမော်တို့၏မိခင်၊ မောင်အောင်ထူးကောင်း၏အဘွားသည် ၂၈–၁၀–၂၀၀၄ရက် နံနက် ၉း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀–၁၀–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ရွှေရင် (တောင်တွင်းကြီး)
### အသက်(၁၀၃)နှစ်

တောင်တွင်းကြီးမြို့၊ အုန်းတော(၂)ရပ်ကွက်၊ ပြည်လမ်းနေ (ဦးမြင့်ဆွေ)–ဒေါ်ခင်သိန်း၊ ဦးခင်မောင်ကြူ–ဒေါ်လှလှ(လားရှိုးမြို့)၊ ဦးဝင်းမောင်–ဒေါ်စောလှိုင်တို့၏မိခင်ကြီး၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ–ဒေါ်ခိုင်ဝါ၊ ဒေါက်တာသိန်းဆွေ–ဒေါ်ခင်ဖြူဖြူချစ်၊ ဦးဝင်းမြင့်–ဒေါ်ဌေးဌေး၊ (ဗိုလ်ကြီးလှမြင့်)၊ ဗိုလ်ကြီးဌေးအောင်(ငြိမ်း)–ဒေါ်သန္တာအေး(အထပြ၊ အထက–၂၊ တောင်တွင်းကြီး)၊ ဒေါ်မာလာအေး(သာသနာရေးဦးစီးဌာန)၊ ဒေါ်ချိုချိုအေး (ဒုလဝကမှူး၊ တောင်တွင်းကြီး)တို့၏ဘွားဘွားကြီးသည် ၂၈–၁၀–၂၀၀၄ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၀–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် တောင်တွင်းကြီးမြို့နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်ရွှေရင် (တောင်တွင်းကြီး)
### အသက်(၁၀၃)နှစ်

တောင်တွင်းကြီးမြို့၊ အုန်းတော(၂)ရပ်ကွက်၊ ပြည်လမ်းနေ ရာသက်ပန်အသင်းဝင် ဒေါ်ခင်သိန်း၏မိခင်ကြီး၊ ရန်ကုန်မြို့နေ ရာသက်ပန်အသင်းဝင် ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ (ဒါရိုက်တာ၊ စီးပွားရေးဦးပိုင်)–တေးသံရှင် ဒေါ်ခိုင်ဝါ (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)တို့၏အဘွားသည် ၂၈–၁၀–၂၀၀၄ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၀– ၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် တောင်တွင်းကြီးမြို့ နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။

တောင်တွင်းကြီးမြို့နယ်အသင်း။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကုန္ဒာစာရ (သုဓမ္မာဒုတိယဂိုဏ်းချုပ်ဆရာတော်)
### အောင်သိဒ္ဓိမင်္ဂလာကျောင်းတိုက်
### ကော့စိုင်ရပ်၊ မုဒ္ဒုံမြို့၊ မွန်ပြည်နယ်
### သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

မွန်ပြည်နယ်၊ မုဒ္ဒုံမြို့၊ ကော့စိုင်ရပ်၊ အောင်သိဒ္ဓိမင်္ဂလာကျောင်းတိုက် ဦးစီးပဓာန သုဓမ္မာဒုတိယဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တ ကုန္ဒာစာရသည် (၂၅–၁၀–၂၀၀၄ရက်) တနင်္လာနေ့ ည ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇ ဓာတ်ရုပ်ကလာပ်တော်ကို (၂–၁၁–၂၀၀၄ရက်) နံနက် ၈ နာရီတွင် စံကျောင်းတော်ချမင်္ဂလာပြုတော်မူပြီး (၁၄–၁၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် မုဒ္ဒုံမြို့၊ ကော့စိုင်ရပ်၊ အောင်သိဒ္ဓိမင်္ဂလာကျောင်းတိုက်၌ အန္တိမသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ။

## ဒေါ်စောသန်း (ကျောက်ဖြူမြို့)
### အသက်(၄၉)နှစ်

ကျောက်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ရုံးတက်လမ်းနေ ဦးဘိုးတင်(ခ)ဦးရောင်နီ–ဒေါ်ညိုသိန်းဦးတို့၏သမီးကြီး၊ မကွေးမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးကျော်ဇံ(မကွေးတိုင်း စာရင်းစစ်အရာရှိ)၏ဇနီး၊ ဒေါ်စောတင် (အလပြ၊ ငြိမ်း၊ အလက–၄၊ ကျောက်ဖြူ)၊ ဦးခင်မောင်တင် (သမ္မတရွှေပန်းထိမ်)–ဒေါ်မော်မော်လွင်၊ ဦးတင်မြင့် (I.C ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး)–ဒေါ်ဝင်းဝင်းခိုင်၊ ဦးခင်မောင်မြင့်(မင်္ဂလာရုပ်ရှင်ရုံ၊ ကျောက်ဖြူ)–ဒေါ်ခင်စောဖြူ၊ ဦးအုံးမြင့်(MD, Cilvil Tech Co.,Ltd.)–ဒေါ်ထားထားယုတို့၏အစ်မကြီး၊ မအိဖြူဇံ(M.Sc, Maths, Final Part II၊ မကွေးတက္ကသိုလ်)၊ မပွင့်ဖြူဇံ (Final Year B.A, English U.F.L)၊ မဖူးပွင့်ဇံ (နဝမတန်း၊ အထက–၁၊ မကွေး)တို့၏မိခင်သည် ၂၉–၁၀–၂၀၀၄ရက် (သောကြာနေ့) နံနက်တွင် မကွေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၃၁–၁၀–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် မကွေးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးမောင်မောင် (စိန်ဂျွန်းကျောင်းသားဟောင်း)
### ဗိသုကာအဖွဲ့–၂၊ ငြိမ်း၊ အိုးအိမ်ဦးစီးဌာန
### အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ(ဦးကျင်စိန်–ဒေါ်သိန်းရင်)တို့၏သား၊ (ဦးဘသိန်း–ဒေါ်ခင်စိန်)တို့၏သားသမက်၊ ဦးဆာမိ–(ဒေါ်ဘေဘီ)၊ (ဦးမောင်မောင်ယဉ်)–ဒေါ်ခင်အုန်းမြင့်၊ ဦးထွန်းဝင်း–ဒေါ်သန်းသန်း၊ ဦးသန်းထွန်း၊ ဒေါ်ရီရီမြင့်၊ ဦးစန်းဟန်–ဒေါ်မြင့်မြင့်ခိုင်တို့၏မောင်/ညီ၊(ဦးမောင်မောင်ညွန့်)–ဒေါ်မြင့်မြင့်ဝေ၊ ဦးအောင်ကြည်၊ ဒေါ်ခင်အေးသိန်း၊ ဦးသန်းအေး၊ ဒေါ်ကြည်ကြည်သိန်း၊ ဦးကျော်သိန်း၊ ဒေါ်သန်းသန်းဌေး၊ ဦးဝင်းနိုင်၊ ဒေါ်ခင်ထွေးသိန်း၊ ဦးမြသိန်း၊ ဦးလှသိန်း၊ ဒေါ်မာမာအေး၊ ဦးဝင်းသိန်း၊ ဒေါ်သီတာတို့၏အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ ၄ လမ်း၊ အမှတ် ၃၈/၂ နေ ဒေါ်ခင်စိုးသိန်း၏ခင်ပွန်းသည် ၂၈–၁၀–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၁၀–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သိန်းရင်
### (မင်းလှမြို့၊ ပဲခူးတိုင်း)
### အသက်(၈၉)နှစ်

ပဲခူးတိုင်း၊ မင်းလှမြို့နေ ဦးကြွယ်–ဒေါ်မမလေးတို့၏သမီး၊ ဦးချစ်ထွေး၏ဇနီး၊ ဦးမောင်မောင်ဆွေ–ဒေါ်စန်းစန်း၊ ဦးလှိုင်ထွန်း–ဒေါ်ညိုညို၊ ဦးကျော်စိုး–ဒေါ်စန်းရီ၊ ဦးစိုးမြင့်–ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းဖေ–ဒေါ်အေးအေးမြင့်၊ ဦးမြင့်သိန်း၊ ဒေါ်နွဲ့နွဲ့ရည်၊ ဦးအေးကြိုင်–ဒေါ်ခင်အေးမော်တို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွားသည် ၂၈–၁၀–၂၀၀၄ရက် ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၁၀–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မင်းလှမြို့ တောင်ဘက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်ကြည်(ခ)ဒေါ်ခင်အေး
### (ထားဝယ်မြို့)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ် (၆)ရပ်ကွက်၊ တိုက်လေးလုံး၊ တိုက်အမှတ် ၂၂၂/၂ နေ (ဦးဝါ–ဒေါ်သင်းမေ)တို့၏သမီး၊ (ဦးဘိုးရင်–ဒေါ်ဆွေ)တို့၏သမီးချွေးမ၊(ဦးထွေးမောင်၊လက်ထောက်ညွှန်မှူး၊ ငြိမ်း၊ အိုးအိမ်ရုံးချုပ်)၏ဇနီး၊ ဦးစံမြင့်–ဒေါ်တင်တင်လှ၊ (ဦးမောင်မောင်)–ဒေါ်တင်တင် (စိုက်ပျိုးရေး)၊ ဦးမျိုးထွေး(ရုပ်ရှင်၊ ငြိမ်း)–ဒေါ်အေးအေးမြင့်(ရုပ်ရှင်၊ငြိမ်း)၊ဦးငွေထွေး(အိုးအိမ်)–ဒေါ်ခင်ခင်စု(အိုးအိမ်)၊ ဦးစိုးထွေး (အိုးအိမ်)၊ ဦးသက်ဦး(စစ်မှုထမ်း၊ ငြိမ်း)–ဒေါ်ရီရီထွေး (အိုးအိမ်)၊ ဦးတိုးတိုး (Heaven Born )–ဒေါ်သန်းသန်းထွေး (အိုးအိမ်)တို့၏မိခင်၊ မြေးရစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၈–၁၀–၂၀၀၄ရက် နံနက် ၁၁း၄၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁–၁၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးတေဇ(ခ)ဦးလှရွှေ
### (ရွှေနဂါးယိုစုံ)
### သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၃)ဝါ

ကျိုက်ထိုမြို့နေ ဦးဖေမြ–ဒေါ်သန်းသန်းအေး၊ ဦးစန်းမောင်–ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ညွန့်ဖုံ၊ ဦးဝိလွင်–ဒေါ်ဝင်းမြင့်၊ ဦးဝိတင်–ဒေါ်ခင်ဝင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၈–၁၀–၂၀၀၄ရက် ည ၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၃၀–၁၀–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်အုန်းမြိုင် (ကျူကဒွန်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ် ၇၄ နေ ဦးစံတင် (ဗဟိုတရားရုံးရှေ့နေ)၏ဇနီး၊ ဒေါ်ဌေးဌေးရီ (အမက–၄၅၊ လှိုင်သာယာ)၊ ဦးစံမြင့် (လ/ထ ညွှန်မှူး၊ ကြေး/မြေ)–ဒေါ်ယုယု (အထက–၆၊ ဗိုလ်တထောင်)၊ ဦးမောင်မောင်အောင်–(ဒေါ်လှလှဦး)၊ ဦးသိန်းဇော် (ဒုစုံမှူး၊ စစစ)–ဒေါ်တင်နီလာမြင့် (ဒုစုံမှူး၊စစစ)တို့၏မိခင်၊မြေးရစ်ယောက်တို့၏အဘွားသည် ၂၈–၁၀–၂၀၀၄ရက် နံနက် ၀၀း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ကျေးဇူးတင်ရှိခြင်း
## မမေဖြူစိုး
### အသက်(၁၉)နှစ်

သမီးကြီး မေဖြူစိုး(Level 1. Ec/IT) နာမကျန်းစဉ် ဆေးကုသမှုပေးခဲ့သော တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ တပ်မှူး၊ ကျောက်ကပ်ပါရဂူနှင့် သူနာပြုများ၊ ၂၉–၁၀–၂၀၀၄ရက်တွင် လိုက်ပါပို့ဆောင်ပေးကြသော ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနမှ ပါမောက္ခနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အရာရှိ၊ စစ်သည်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂–၁၁–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီအထိ ၁၀မိုင်၊ စော်ဘွားကြီးကုန်း၊ တိုက် ၁၊ အခန်း ၁၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ကျေးဇူးတင်ရှိခြင်း
## ဗိုလ်မှူးမောင်မောင်ခင် (ငြိမ်း) (ခ) Cecil Gyi
### (တပ်မတော်–ရေ)
### အသက်(၈၃)နှစ်

၂၄–၁၀–၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့သော ဗိုလ်မှူးမောင်မောင်ခင်(ငြိမ်း) (ခ)Cecil Gyi(တပ်မတော်–ရေ) နာမကျန်းဖြစ်စဉ် အထူးဂရုစိုက် ကြပ်မတ်ကုသပေးခဲ့သော အာရှတော်ဝင်အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများနှင့်ဆရာမများအားလည်းကောင်း၊ ၂၆–၁၀–၂၀၀၄ရက် ဈာပနအခမ်းအနားတွင် လိုက်ပါပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေများ၊ ပန်းခြင်းများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကြသူများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း စာ၊ကြေးနန်း၊တယ်လီဖုန်း၊ e-mail တို့ဖြင့် အားပေးနှစ်သိမ့်ကြသူများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် အဆင်ပြေချောမွေ့စွာပြီးဆုံးရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယကာကြီး
## ဦးတင်မောင်
### (ဦးတင်မောင်နှင့်သားများ စက်မှုလက်မှု)
### (ကျားဝင်း၊ သုံးခွ)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၇ လမ်း၊အမှတ် ၃၃နေ (ဦးဘိုးကြူ–ဒေါ်သိန်း)တို့၏သား၊ (ဦးချိန်–ဒေါ်မြမေ)တို့၏သားသမက်၊ (ဦးခင်အောင်–ဒေါ်လှကျင်)ဦးပဒ္မင်းကြီး ဦးဇဝန–(ဒေါ်အုန်းသင်)တို့၏ညီ/မောင်၊ (ဒေါ်တင်အေး)၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးသန်းစိုး–ဒေါ်ကြည်ကြည်မြ၊ ဦးမျိုးသန့်–ဒေါ်သန်းသန်းညွန့်၊ ဦးတင်ဝင်း–ဒေါ်ရင်ရင်နု၊ ဦးစိုးအောင်–ဒေါ်သင်းသင်းဝင်း၊ ဒေါ်အေးအေးသွင်၊ (ဦးအောင်မြင့်လှိုင်)–ဒေါ်မမလေး၊ မချိုချိုဝင်း၊ မသီသီလှိုင်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၉–၁၀–၂၀၀၄ရက် (သောကြာနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၃၁–၁၀–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ရပ်ကွက်အိန်(ခ)
## ဦးမြင့်မောင် (စစ်တောင်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၅၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ [ရုပ်ဂျစ်စင်း(ခ)ဦးဘိုးသင်း–ဒေါ်စိန်နု–ဒေါ်ရန်]တို့၏သား၊ (ဦးတန်ဘင်ဖောင်း–ဒေါ်ချွာရင်ရွှေ)တို့၏သားသမက်၊ [ဦးမောင်စိန်–ရပ်ရှုတိ(ခ)ဒေါ်ရှုကြည်]တို့၏ မောင်၊ ရပ်ကုတ်ဟွာ(ခ)ဦးမြင့်ဟန်–ဒေါ်ရှုတင်တို့၏ညီ၊ ရပ်ကုတ်ကား(ခ)ဦးမောင်မောင်ချစ်–ကိုးစွန်ဟိ(ခ)ဒေါ်အေးတို့၏အစ်ကို၊ [တန်ရှုတွမ်း(ခ)ဒေါ်သန်း]၏ခင်ပွန်း၊ ရပ်ကျင်းခွန်း(ခ)ဦးကြည်ဝင်း–လိဘိဘိ (ခ) ဒေါ်ခင်စန်းရီတို့၏ဖခင်၊ ရပ်ဘီးသင်း(ခ)မခင်ဝင်းယု (Final Year B.Dev.S)၊ ရပ်စွတ်သင်း(ခ)မမေသူဇင် (G X–D၊ အထက–၂၊ လသာ)တို့၏အဘိုးသည် ၂၉–၁၀–၂၀၀၄ရက် နံနက် ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၁၀–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းအမကြီး
## ဒေါ်ပလောင်(ခ)
## ဒေါ်ခင်အုန်းကြည်
### အသက်(၆၃)နှစ်

နမ့်ဆန်မြို့၊ ဇယန်းကြီးရွာမနေ (ဦးတာဆထာ – ဒေါ်တာဆထာ)တို့၏သမီး၊ ပုလဲမြို့နယ်၊ လော့်ကားကြီးရွာနေ (ဦးပေါ်လှိုင်–ဒေါ်မြကြီး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၂ နေ ဦးဘခင်(မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရုံးချုပ်၊ ကယားပြည်နယ်၊ ဒုမန်နေဂျာ)၏ဇနီး၊ (ဗိုဒါင်းမောင်အောင်ချိုဦး)၊ဗိုကျော်မိုးခင်၊ ဒီဒါင်စန္ဒာခင်(ခ)စန္ဒာမိုး၊ ဗိုလ်ကြီးကျော်ဇော်လင်း၊ ဗီဒျိတ်ဇော်ပြည့်အောင်တို့၏မိခင်သည် ၂၇–၁၀–၂၀၀၄ရက် နံနက် ၅း၄၅ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၁–၁၀–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်အမာ (ကမာရွတ်)
### အသက်(၈၄)နှစ်

အမှတ် ၁၁၃၊ လက္ခပွင့်၊ ရန်ကုန်–အင်းစိန်လမ်း၊ ကမာရွတ်နေ ဦးအီးအမ်ပတေး–ဒေါ်ရွှေဥတို့၏သမီး၊ (ဦးဝင်းမြင့်)၏ဇနီး၊ ဦးတင်မြင့် (အခွန်ဦးစီးမှူး၊ ငြိမ်း)–ဒေါ်မာမာဝင်း၊ ဦးနီဝင်း (နယူးလိုက်အော့ဖ်မြန်မာ) – ဒေါ်အေးအေး (B.P.I၊ ငြိမ်း)၊ ဦးခင်မောင်ထွေး(အရှေ့ပိုင်း၊ G.E.C)–ဒေါ်ခင်ခင်ဝင်း(B.P.I၊ ငြိမ်း)၊ ဦးဖေဝင်း(မော်လမြိုင် အဝေးသင်တက္ကသိုလ်)–ဒေါ်ချယ်ရီမြင့်၊ ဒေါ်ခင်သိန်းဝင်း (ဌာနစုမှူး၊ စီမံရေးရာဌာန၊ မြို့တော်စည်ပင်)၊ ဦးမြဝင်း–ဒေါ်ဆွေဆွေသန်း၊ (ဦးသန်းဝင်း)၊ ဒေါ်ခင်အေးဝင်း၊ ဦးကိုကိုဝင်း–ဒေါ်လီထွေးတို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၉–၁၀–၂၀၀၄ရက် နံနက်တွင် ရန်ကုန်ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁–၁၀–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးသိန်းဦး
### [ဓာတု(၈)၊ ခွဲ(၃) ငြိမ်း]
### အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၃၄၅ နေ (ဦးစိန်ခို–ဒေါ်ထွေး)တို့၏သားကြီး၊ (ဦးချစ်ထွန်း–ဒေါ်ရွှေပွင့်)တို့၏သားသမက်၊ ဒေါ်အုံးကြည် (စက်မှု–၁၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်တင့် – ဒေါ်မေကြည်ဦး (MEPE၊ သဃ်န်းကျွန်း)၊ ဦးစန်းဦး(စက်မှု–၁၊ တောင်ကြီး)–ဒေါ်မေရီလတ်(စက်မှု–၁၊ တောင်ကြီး)၊ ဦးမောင်မောင်လွင်(ရေအရင်းအမြစ် ဦးစီးဌာန)–ဒေါ်ကြည်ကြည်မာ(သဃ်န်းကျွန်းမြို့နယ် တရားရုံး)၊ ဒေါ်မေနိုင်ဦး (အထက–၁၊ ဒဂုံမြို့သစ်မြောက်ပိုင်း)၊ ဦးကျော်ကျော်ဦး–ဒေါ်ကြူကြူမြင့်၊ ဦးရဲကျော်သူတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၇–၁၀–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂–၁၁–၂၀၀၄ရက်(အင်္ဂါနေ့) နံနက်တွင် ဘုရားအမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းအမျှအတန်း ပေးဝေလိုပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်ဌေးလှိုင် (မော်လမြိုင်)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၅၆၅၊ ပြည်လမ်းနေ(ဦးစိန်–ဒေါ်ငြိမ်းရင်)တို့၏သမီး၊ (ဦးဟုတ်ကြည်)၏ဇနီး၊ ဦးစောမင်း–ဒေါ်သန်းသန်းဆွေ၊ ဦးမြင့်အောင်–ဒေါ်သန်းသန်းဝင်း၊ ဦးဥာဏ်မင်း–ဒေါ်တင်တင်ဌေး၊ဒေါ်မြင့်မြင့်သန်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၉–၁၀–၂၀၀၄ရက် ညနေ ၆း၂၉ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံခန်း၌ကွယ်လွန်သွားပါ၍ ၃၁–၁၀–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးချစ်တင်(ခ)ကိုတူး
### ဗဟိုဝါဏိဇ္ဇပဋိပက္ခမှု
### ကော်မတီရုံး(ငြိမ်း)
### အသက်(၆၇)နှစ်

(ဦးသက်ဖေ–ဒေါ်မယ်ဟန်)တို့၏သား၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၂/၉/၁၃၂၊ ဗိုလ်ဗထူး ၁ လမ်းနေ ဒေါ်မြကြည်၏ခင်ပွန်း၊ မမှုမှုသင်း၊ မဝေဝေမင်း–ကိုထွန်းဇော်၊ မမိုမိုဝင်း၊ မောင်ထွန်းထွန်းဝင်းတို့၏ဖခင်၊ မအင်ကြင်းဇော်၊ မောင်ဟိဏ်းထိုက်ဇော်တို့၏အဘိုးသည် ၂၉–၁၀–၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၁–၁၀–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမြင့်သန်း(ခ)အောင်သာထူး
### (M.P.P.E)၊ ဘဏ္ဍာရေး
### အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ် ၂၇၊ ၆–B နေ (ဦးကျော်လှိုင်–ဒေါ်ခင်ရွှေ)တို့၏သား၊ (ဦးဟန်ထွန်း–ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်လှကြည်၏ခင်ပွန်း၊ (ဒေါ်ကျင်လှ၊ ဒုရဲမှူး၊ ငြိမ်း)၊ ဒေါ်မြမြသိန်း (ဂျုံလုပ်ငန်း၊ ငြိမ်း)၊ ဒေါ်မြမြခင်(ကပရ၊ ရုံးချုပ်၊ငြိမ်း)၊ ဦးအောင်ညွန့် (ဂျုံလုပ်ငန်း၊ ငြိမ်း)တို့၏ညီ/မောင်၊ဦးခင်ညီ (ကပရ၊ အခစ–၁) – ဒေါ်မြမြအေး၊ ဦးတင်သောင်း – ဒေါ်နန်းအေးတို့၏အစ်ကို၊ မဥမ္မာသန်း၊ မတင့်လေးခိုင် (M.P.P.E)၊ မောင်ဖြိုးကျော်ကျော် (M.P.P.E)၊ မတင်မိုးသော်တို့၏ဖခင်သည် ၂၉–၁၀–၂၀၀၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၁၀–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဇလွန်မြို့နယ်အသင်း(ရန်ကုန်)
## ဦးဖေသန်း (ရာသက်ပန်–၄၈၃)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊အမှတ် ၄၈ နေ ဒေါ်ခင်ခင်၏ခင်ပွန်းသည် ၂၆–၁၀–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁၀–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

## ဒေါ်ခင်စော (ဒေါ်မဲကြီး)
### (စစ်တွေ)
### အသက်(၇၄)နှစ်

(ဦးဖြူသီး–ဒေါ်မင်းသာဖြူ)တို့၏သမီးငယ်၊ ဦးသာထွန်းအောင်၏ညီမ၊ ရန်ကုန်မြို့၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ မာဃလမ်း၊ တိုက် ၁၁၊ အခန်း ၁၅ နေ (ဦးသာဘန်း၊ ဓာတ်မြေသြဇာ၊စလေ)၏ဇနီး၊ ဒေါ်အေးအေးမူ(စက်မှုကြေး/မြေ)၊ ဦးအောင်မြင့်(ရေနံသယ်ပို့)–ဒေါ်စိုးစိုးလှိုင် (ပလတ်စတစ် စက်ရုံ–၂)၊ ဒုတိယဗိုလ်မှူးကြီးခင်အောင်–ဒေါ်အေးဝင်းသိန်း (တောင်ကြီး)၊ ဦးမျိုးအောင်–ဒေါ်မိုးမိုးသိမ့် (အဒေင်လုပ်ငန်းစု)၊ ဦးဇော်ဝင်း၊ ဗိုလ်မှူးဝင်းဗိုလ် – ဒေါ်နန်းခင်မြင့် (ဘီးလင်း)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၈–၁၀–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂–၁၁– ၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏ၊ ကမာကြည်လမ်း၊ တိုက် ၁၉၀/၇မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဦးခင်မောင်ရိုး
### B.Com, B.L
### (တရားရုံးချုပ်ရှေ့နေ)
### အသက်(၇၀)

ရန်ကုန်မြို့၊ အမှတ် ၆၀၊ အင်းလျားလမ်းနေ ဦးဘမောင် (အငြိမ်းစားရဲချုပ်၊ အငြိမ်းစား သံအမတ်ကြီး)–ဒေါ်နှင်းရီတို့၏သား၊ (ဦးခင်မောင်ရီ)–ဒေါ်ခင်ခင်အေး၊ (ဦးခင်မောင်တိုး)၊ ဦးကိုကိုလေး–ဒေါ်မေဘမောင်တို့၏ညီ/မောင်၊ ဒေါ်ခင်လှမြိုင်(ခ)ရှိ့စ်ဘမောင်၏မွေးစားဖခင်၊ ဦးရဲအောင်၊ ဦးဖုန်းအောင်၊ ဒေါ်ချိုချိုမြင့်၊ ဒေါက်တာအေးအေးရီ၊ ဒေါ်ခင်ငယ်ငယ်၊ ဦးဉာဏ်ရီ၊ ဒေါ်တင်မာဝေ၊ ဒေါက်တာဒေါ်လှဲ့လှဲ့အောင်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၅–၁၀–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂၉–၁၀–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်မိလျှံ
### (ကော့သောင်းမြို့)
### အသက်(၁၀၄)နှစ်

ကော့သောင်းမြို့၊ ကမ်းနားလမ်း၊ အမှတ် ၅၂ နေ (ဦးဘွန်စု)၏ဇနီး၊ ဒေါ်အီရန်–(ဦးလီ)၊ ဒေါ်ဟီ–ဦးခိုင်းဟွန်၊ (ဦးစွန်း)–ဒေါ်မိလွမ်၊ ဒေါ်အေး–ဦးကျိန်း၊ (ဦးကိုင်း)–ဒေါ်မိခွန်း၊ (ဦးခင်)–ဒေါ်မိရုံ၊ ဒေါ်ဟင်–ဦးကင်၊ ဒေါ်ဒင်း–(ဦးကွမ်)၊ ဦးရဲမြင့်–ဒေါ်ခင်ညွန့်တို့၏ မိခင်ကြီး၊ မြေး ၆၃ ယောက်၊ မြစ် ၁၂၀၊ တီ ၂၄ ယောက်တို့၏ဘွားဘွားကြီးသည် ၂၆–၁၀–၂၀၀၄ရက်(အင်္ဂါနေ့)ည ၉း၅၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁–၁၁–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင်အထက်ပါနေအိမ်မှ ရွှေပြည်သာ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်မြမြ
### အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်ဝင်နေ(ဦးသောင်းကြွယ်)၏ဇနီး၊ ဒေါ်အေးမိဝင်းလှိုင်–ဦးဂျော့ဝင်းလှိုင်(သင်းအုပ်ဆရာ)၊ ဒေါ်ခင်ရီ–ဦးသံချောင်း၊ ဒေါ်လှလှသိန်း–(ဦးနေစိုး)၊ ဒေါ်စိုးစိုးရီ–ဦးသိန်းလှိုင်၊ ဒေါ်ခင်အုန်းမြင့်–ဦးသောင်းထွန်း၊ (ဒေါ်ကြူကြူသောင်း)–ဦးပါပူးတို့၏ မိခင်၊ မြေး ၁၆ ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည်၂၈–၁၀–၂၀၀၄ရက်တွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃၀–၁၀–၂၀၀၄ရက်တွင် ဘီးလင်းမြို့၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဦးသောင်းထိုက် (ပြည်)
### (အငြိမ်းစား၊လ/ထကြီးမှူး)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉ (မြေညီထပ်)၊ နှောင်ရိုးလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးတင်–ဒေါ်အုံးဆင့်)တို့၏သား၊ (ဦးစိုးမောင်–ဒေါ်ရှင်)တို့၏သားသမက်၊ ဒေါ်ဌေးဌေးမြင့်၏ခင်ပွန်း၊ ဦးအောင်မျိုးမင်း(တရားရုံးချုပ်ရှေ့နေ)၊ (ဦးမျိုးအေးစိုး)–ဒေါ်ရင်ရင်၊ ဒေါ်သက်သက်မွန်–ဦးညီညီရင်၊ ဒေါ်မြတ်မြတ်မွန်၊ ဒေါ်ယုယုမွန်–ဦးစိုးမင်းတို့၏ဖခင်၊ မဝင်းဝင်းအိ၊ မလင်းလင်းအိ (အထက–၄၊ ဗိုလ်တထောင်)၊ မောင်မြတ်ခိုင်၊ မောင်ရန်အေး၊ မောင်အောင်ခိုင်မင်းတို့၏ အဘိုးသည် ၂၉–၁၀–၂၀၀၄ရက် မွန်းလွဲ ၁၂း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၃၁–၁၀– ၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊သိမ်၊ကျောင်း၊ရေကန်နှင့် ဝါးချက်ဓီဝိတဒါနသံဃာ့ဆေးရုံ ပြင်ပလူနာကုသဆောင် ဒါယကာကြီး
## ပွဲစားကြီး ဦးသိန်းဝင်း
### (ဦးပေါက်ကျော်–ဒေါ်စီပွဲရုံ)
### အသက်(၅၅)နှစ်

စစ်တောင်းမြို့၊မင်းလမ်းနေ(ဦးမောင်သွင်–ဒေါ်ရင်ကြည်)တို့၏သား၊မြစ်သားမြို့နယ်၊ သပြေတောင်းရွာနေ ဦးမြင့်သိန်း – ဒေါ်အမာကြည်တို့၏ သားသမက်၊(ဦးတင်ထွန်း–ဒေါ်ချစ်ချစ်)တို့၏တူ၊ မန္တလေးမြို့နေ(ထွန်းဝပွဲရုံ၊ပွဲစားကြီး ဦးခင်ညို–ဒေါ်ကြည်ကြည်)၊ ဦးသိန်းဟံ–(ဒေါ်ဝင်းကျင်)၊ ဒေါ်ဝင်းကြည်၊ ဦးထွန်းသန်း–ဒေါ်မြင့်မြင့်တို့၏ ညီ/မောင်၊ ဦးသန်းဝင်း–ဒေါ်သန်းကြွယ်၊ ဦးမြဦး–ဒေါ်သန်းသန်း၊ဦးလှမြင့်–ဒေါ်ခင်သန်းဦးတို့၏အစ်ကို၊ မန္တလေးမြို့၊ လမ်း ၃၀၊ ၈၉ x ၉၀ လမ်းကြား၊ အကွက် ၂၅၅၊ ပေါက်ပေါက်တန်းရပ်နေ ဒေါ်သွယ်သွယ်လှိုင်၏ခင်ပွန်း၊ မခင်ထက်ထက်စံ၏ဖခင်သည် ၂၈–၁၀–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၈း၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀–၁၀–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယိကာမကြီး
## ဒေါ်ကြည်
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ် (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၆၊ အခန်း ၂၀၆ နေ(ဦးဘရှင်–ဒေါ်ဆင့်)တို့၏သမီး၊ (ဦးအုန်းမောင်–ဒေါ်ရှုယဉ်)တို့၏ညီမ၊ (ဦးသိန်းမောင်–ဒေါ်နီ)၊ (ဦးသောင်းတင်–ဒေါ်ရီ)တို့၏ အစ်မ၊ (ဦးလှရွှေ)၏ဇနီး၊ ဦးမြင့်လွင်–ဒေါ်နုနုရီ၊ ဦးဝင်းမြင့် (မသရ/ကင်ဘာရာ)–ဒေါ်သီတာဇေယျ၊ ဦးလှမင်း (ပြည်တွင်းအခွန်)–ဒေါ်မြင့်မြင့်သိန်း (ဆေးဂွမ်း–၂၆)၊ ဒေါ်မြင့်မြင့်ဝေ (မရမ်းကုန်း အထည်–၁)၊ ဦးသက်လွင် (ရီရှင်း ရေလုပ်ငန်းကုမ္ပဏီ)–ဒေါ်ခင်ဝင်းဝင်းဇော်၊ ဒေါ်တင့်တင့်ဝေ (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ယဉ်ယဉ်ထွေး(Asia Express)တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၈–၁၀–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၁၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## မပန်းနုထွေး (မိုးကောင်း)
### B.Sc (Zoo)
### အသက်(၃၂)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အလယ်ရပ်နေ (ဦးစံပို)–ဒေါ်ခင်ထွေးတို့၏သမီး၊ ဦးတင်အောင်သန်း–ဒေါ်မာမာ၊ ဦးတင်အောင်မိုး–ဒေါ်စန်းစန်းဝင်း၊ ဒေါ်ခင်သင်းလွင် (အထက– ၁၊ မိုးကောင်း)၊ ဦးစံမြင့်ဇော်–ဒေါ်ခင်ဝါဝါ၊ ဒေါ်သင်းသင်းကြူ – ဗိုလ်ကြီးမျိုးခင် (ငြိမ်း)၊ ဦးမြင့်မော်ထွေးတို့၏ညီမ၊ ဒေါ်လှဥမ္မာ–ဦးဉာဏ်ဌေး၊ မတိုးတိုးခိုင် (B.A, Dramatic Art)တို့၏အစ်မ၊ တူ တူမ ၁၄ ယောက်တို့၏အဒေါ်သည် ၂၇–၁၀–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁၀–၂၀၀၄ရက်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂–၁၁–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၂နာရီအထိ တိုက် ၁၉၊ အခန်း ၀၀၁၊ ကျန်စစ်သားအိမ်ရာ၊ လှိုင်သာယာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** **R. 488**

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထီးနန်းအမွေဆက်ခံခဲ့သော ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ကာရိနာ ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရွှန်နစ် နိုရိုဒွန် ဆီဟာမိုနီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ အိန္ဒိယခေါင်းဆောင်များအား အသိပေး မြန်မာပြည်သူများ၏ လိုလားချက်နှင့်ကိုက်ညီသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး ထပ်လောင်းပြောကြား မြန်မာနိုင်ငံခေါင်းဆောင်များ၏ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေးကြိုးပမ်းမှုများ အိန္ဒိယနိုင်ငံကထောက်ခံ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများကို အကူအညီပေးသွားရန်အဆင်သင့်ရှိ ကမ္ဘာပေါ်တွင် မည်သည့်နေရာ၌မဆို အကြမ်းဖက်မှုများအား လုံးဝလက်မခံကြောင်း နှစ်နိုင်ငံစလုံးက ပူးတွဲထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ၊ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ချစ်ကြည်ရေးအလည်အပတ် သွားရောက်ခဲ့ပါသည်။ ***စာမျက်နှာ ၅ ကော်လံ ၁*** ✡

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များ နယူးဒေလီသို့ရောက်ရှိ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လမ်းဆုံအဝိုင်းများနှင့် လမ်းတစ်လျှောက် နှစ်နိုင်ငံအလံများ၊ ရောင်စုံအလံများဖြင့်ကြိုဆို

ရန်ကုန် အောက်တိုဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေပီဂျေ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာခဲ့ကြသည်။ ***စာမျက်နှာ ၁၀ ကော်လံ ၁*** ✻



အောက်တိုဘာ ၂၅ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်၏ ဂုဏ်ပြု ကြိုဆိုသည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

## အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာများ

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ထမံသီရေအား လျှပ်စစ်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အစီအစဉ် (၂၀၀၄-၂၀၀၆) တို့ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် အောက်တိုဘာ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပပြုလုပ်မည့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် မကြာမီကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ပါသည်။ **(သတင်းစဉ်)**